ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 23 March 2024 ၁၁၄၀၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်များကိုအသိပညာပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ပါဝင်

## မိမိတို့၏ လက်ရှိနှင့်အနာဂတ်မျိုးဆက်သစ်များအတွက် နိုင်ငံ၏ရေအရင်းအမြစ်များ ရေရှည်တည်တံ့ပြီး မျှတစွာသုံးစွဲနိုင်စေရန်၊ ရေအရင်းအမြစ်ကို ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် အတူတကွပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၂**

ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



ကြေးမုံ

# နိုင်ငံတိုးတက်ရေး အစွမ်းကုန်လက်တွဲကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့အရေးကိုအလေးထားပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပြီး ဦးတည်ချက်များကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဘက်ပေါင်းစုံ၌ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဝါကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များ ထုတ်လုပ်ရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးကို ဆောင်ရွက်ပေးခဲ့သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ပေးခဲ့သည်။ ကျေးလက်ဒေသများပါမကျန် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

အရည်အသွေးမြင့်မားပြီး လူတိုင်းလက်လှမ်းမီသည့် ပညာရေး၊ ပြည်သူလူထု ဗဟိုပြုကျန်းမာရေး၊ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံရေး၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့ကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ ငွေကြေးဖောင်းပွမှုကို အတတ်နိုင်ဆုံးထိန်းထားနိုင်ရန် အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာစွာ ဝယ်ယူရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ယင်းကဲ့သို့ ဘက်ပေါင်းစုံ၌ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု အဟန့်အတားဖြစ်စေခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းဖြစ်ခဲ့၍ ရည်မှန်းထားသလောက် အောင်မြင်မှုလိုအပ်နေသေးသည်။

မည်သို့သော စိန်ခေါ်မှုများ၊ အခက်အခဲများရှိသည်ဖြစ်စေ နိုင်ငံတော်က ချမှတ်ထားသည့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှု၍ နိုင်ငံ့စီးပွားရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းများကို ယခုထက်တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ရရှိပြီးသော တိုးတက်မှုများကို အရှိန်အဟုန်မပျက်စေဘဲ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပြီး လာမည့်ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းများကို အင်တိုက်အားတိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

"နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များက ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရည်မှန်းထားသည့်အတိုင်း လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းအလိုက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရေး၊ စိစစ်သုံးသပ်ရေးတို့ကို အားကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူများ၏ လူမှုစီးပွားအကျိုးခံစားခွင့်များရရှိရေးကို ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ ကုန်ထုတ်လုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားများ ကောင်းမွန်ရန်လိုအပ်သည်။ အဆိုပါအင်အားများ ကောင်းမွန်ရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးအကြီးဆုံးအချက် ဖြစ်သည်။ အဆိုပါအချက်များကို အစိုးရတစ်ရပ်၊ တပ်မတော်တစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပေ။ အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး ပြည်သူလူထုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုသို့ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်တွင်းအားဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျုံမငေးမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကျုံမငေး မတ် ၂၂**

ကျုံမငေးမြို့ အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများအား ကိုယ်ရေးအချက်အလက်ကောက်ယူခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကျုံမငေးမြို့ စိန်ရတုသာသနာ့ဗိမာန်တွင် အခြေပြု၍ မတ် ၂၀ ရက်မှ ၂၈ ရက်အထိ ပွဲတော်ကာလအတွင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်း၊ မြောင်းမြခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့က မတ် ၂၁ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု၍ ပြည်သူများလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၆ ကတ်၊ အိမ်ထောင်စုစာရင်း ၂၃ စုနှင့် Biometric မှတ်တမ်းရိုက်ကူးသူ အမျိုးသား ၁၇၆ ဦး၊ အမျိုးသမီး ၃၁၅ ဦး စုစုပေါင်း ၄၉၁ ဦး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟသ်ာတမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ဟသ်ာတ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ယနေ့နံနက်ပိုင်းက ခေတ္တခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်မှုဖြင့် Family Private School တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၈၀ နှင့် ဆရာ ဆရာမ ၁၀ ဦးတို့အား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို အသိပညာပေးပို့ချခြင်းတို့အား လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်ယာဉ်ဖြင့် ရေပက်စမ်းသပ်ခြင်း လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၂၆၇ | ၂,၂၄၃,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၁၁,၀၅၅ | ၃၁,၅၀၆,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၀၁ | ၃,၈၅၇,၇၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁၄၈ | ၂၂၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၈၀၀ | ၃၀၁ | ၇၈၂,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၃၃၉ | ၅၉၅,၇၅၀ |
| AMATA | ၅,၀၀၀ | ၄,၈၀၀ | ၃၁၃ | ၁,၄၅၆,၈၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁၃၇ | ၂၄၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တေးသံရှင် သန်းမြတ်စိုး၏ "တိမ်တမန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေသယံဇာတသည် သဘာဝအရင်းအမြစ်တစ်ခု အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် သက်ရှိများ အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လုံခြုံဘေးကင်းသန့်ရှင်းသည့်ရေသည် ကျန်းမာရေးကို အထောက်အကူပြုရုံသာမက ပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် လူတိုင်း ကျန်းမာသန်စွမ်းနေစေရေး သန့်ရှင်းသည့်သောက်သုံးရေ ရရှိရန် လိုအပ်ကြောင်း။

**နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို "ကမ္ဘာ့ရေနေ့"အဖြစ် သတ်မှတ်**

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေကို စနစ်တကျ ချွေတာအသုံးပြုရန်နှင့် လူတိုင်း လုံခြုံဘေးကင်းသည့် သောက်သုံးရေ ရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို **"ကမ္ဘာ့ရေနေ့"**အဖြစ် သတ်မှတ်ပြီး ၁၉၉၃ ခုနှစ်မှစပြီး ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိကြောင်း၊ နှစ်အလိုက် ကမ္ဘာ့ရေနေ့ဆိုင်ရာ အထူးပြုအသိပေးလိုသည့် အဓိက အကြောင်းအရာဆောင်ပုဒ်များကို သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၄ အတွက် ဆောင်ပုဒ်(Theme)မှာ **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး" "Leveraging Water for Peace"** ပင်ဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ရေအကျပ်အတည်းသည် လူသားများရင်ဆိုင်နေရသည့် အရေးကြီးဆုံး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏အဆိုအရ လူဦးရေနှစ်ဘီလီယံကျော်သည် ဘေးကင်းသည့်သောက်သုံးရေ မရရှိကြသည့်အပြင် လေးဘီလီယံကျော်သည်လည်း တစ်နှစ်အနည်းဆုံး တစ်လတာ ရေရှားပါးမှုခံစားနေကြရသည်ကို သိရှိရကြောင်း၊ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲလာမှုနှင့် လူသားများ၏ပယောဂများကြောင့် ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေအရင်းအမြစ်များ လျော့နည်းလာနေကြောင်း။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိသော်လည်း ကမ္ဘာ့ရေထုစုစုပေါင်း၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာဆားငန်ရေများဖြစ်ကြကြောင်း၊ ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်ပြီး အဆိုပါရေချိုများ၏ ၆၈ ရာခိုင်နှုန်းသည်လည်း ရေခဲတောင်များ၊ ဝင်ရိုးစွန်းများနှင့် လေထုထဲတွင် မိုးတိမ်နှင့် ရေငွေ့များအဖြစ် တည်ရှိနေခြင်းကြောင့် အသုံးမပြုနိုင်ကြောင်း၊ မြေပြင်ပေါ်ရှိ ရေအားလုံး၏ သုည ဒသမ ၅ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ဒသမ ၁ ရာခိုင်နှုန်းကိုသာ သုံးစွဲနိုင်သည့်အတွက် အသုံးပြုနိုင်သည့်ပမာဏ အလွန်နည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကမ္ဘာပေါ်တွင် ရေချိုအရင်းအမြစ်များ အကန့်အသတ်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာမှုများအရ နှစ်စဉ်လူဦးရေ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသည့်ရေကြောင့် ဖြစ်ပေါ်သည့် ရောဂါများနှင့် မိလ္လာမသန့်ရှင်းမှုများကြောင့် သေဆုံးနေကြရကြောင်း၊ လူဦးရေ ၇၄ သန်းသည်လည်း တဖြည်းဖြည်းနှင့် သက်တမ်းတိုတောင်းလာသည်ကို တွေ့ရကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေလိုအပ်ချက်သည် ၅၅ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားကြကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏တစ်ဝက်နီးပါးဖြစ်သည့် သန်း ၃၆၀၀ သည် သန့်ရှင်းသည့် မိလ္လာစနစ်မရရှိသေးသည်ကို စစ်တမ်းများ၌ ဖော်ပြထားကြောင်း။

**ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ**

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ရေမူဝါဒများနှင့် ဥပဒေများ ဖော်ဆောင်ချမှတ်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိုးမြှင့်ရရှိရေး၊ စွမ်းအင်ကဏ္ဍအတွက် ရေအားလျှပ်စစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အိမ်သုံးရေတိုးမြှင့်ပေးဝေနိုင်ရေး၊ စက်မှုလုပ်ငန်းသုံးရေ ပိုမိုပေးဝေနိုင်ရေးတို့အတွက် ဘက်စုံရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ရေစီမံခန့်ခွဲမှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရန်၊ ရေညစ်ညမ်းမှုများကို တားဆီးရန်နှင့် ရေဆိုင်ရာပဋိပက္ခဖြေရှင်းရန်စသည့် ပန်းတိုင်များစွာကို ရောက်ရှိစေနိုင်မည့် အရေးကြီးသည့်အခြေခံခြေလှမ်း တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတကာက ကောင်းမွန်ပြည့်စုံသည့် ရေစီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများကို နမူနာယူပြီး မြန်မာနိုင်ငံအနေဖြင့် **"အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ"** ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရေဆိုင်ရာကဏ္ဍစုံကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် ရေကဏ္ဍအားလုံးကိုလွှမ်းခြုံသည့် **"အမျိုးသားရေဥပဒေ"**တစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

**စာမျက်နှာ ၄ သို့ ★**



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။


အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။





အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက " ကမ္ဘာ့ရေနေ့ ဂုဏ်ပြုတေးသီချင်း"ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

★ **စာမျက်နှာ ၃ မှ**

မိမိတို့နိုင်ငံတစ်ဝန်း၌ တည်ဆောက် ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့်မြစ်ရေတင်လုပ်ငန်း ၂၁၉ ခုရှိပြီး စိုက်ပျိုးရေပေးဝေခြင်း၊ သောက်သုံးရေ ပေးဝေခြင်းနှင့် အချို့ ရေလှောင်တမံများတွင် ရေအားလျှပ်စစ်ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကမြစ်ကြီး လေးစင်းဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်နှင့် အခြားမြစ်ချောင်းများမှ ရေကိုစုပ်တင်ပြီး စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်လျက်ရှိသည့် မြစ်ရေတင်စီမံကိန်း စုစုပေါင်း ၃၉၀ ရှိပြီး စိုက်ပျိုးရေပေးဝေနိုင်သည့် မြေဧရိယာဧကခုနစ်သိန်း ငါးသောင်းနီးပါးရှိကြောင်း၊ ထို့ပြင် မြေအောက်ရေတွင်းများတူးဖော်ပြီး စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်း ၁၄၉၈၉ ခုမှ စိုက်ပျိုးမြေဧရိယာဧကကိုးသိန်းသုံးသောင်းနီးပါးကို ရေပေးဝေလျက်ရှိကြောင်း။

**ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး**

မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍသည် ရေချိုသုံးစွဲမှုအများဆုံးဖြစ်ပြီး ၈၉ ရာခိုင်နှုန်းကို သုံးစွဲလျက်ရှိနေသောကြောင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲနိုင်ရေးသည် နိုင်ငံအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ အနာဂတ်ရေဖူလုံစေရေးအတွက် ရေစီမံအုပ်ချုပ်ရေးဟုခေါ်သည့် (Water Governance) လုပ်ငန်းများတွင် လူငယ်များ၏ပါဝင်မှုသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်များကို အသိပညာပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ပါဝင်လျက်ရှိကြောင်း။

နောက်ထပ် အရေးကြီးသည့်အချက်မှာ ရေဆိုင်ရာအချက်အလက် (Data)များကိုအခြေခံပြီး သိပ္ပံနည်းကျရေစီမံခန့်ခွဲမှုနည်းလမ်းများတွင် အသုံးချခြင်းဖြင့် လူသားနှင့်သက်ရှိများစွာအတွက် အလွန်အကျိုးရှိကြောင်း သုတေသနများစွာက သက်သေပြနိုင်သည်ကိုတွေ့ရှိရကြောင်း၊ ရေဆိုင်ရာ သိပ္ပံနည်းကျသုတေသနလုပ်ငန်းများတွင် ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံခြင်းဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များ၏ သဘောသဘာဝများကို ပိုမိုနားလည်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး ရေအရင်းအမြစ်များကို အသုံးချနိုင်ရန်နည်းလမ်းများ၊ ရေနှင့်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်မည့်နည်းလမ်းများကိုရှာဖွေရာတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်း (Decision-Making) ပြုလုပ်ရာတွင် လည်းကောင်း ပိုမိုတိကျစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုမိမိတို့နိုင်ငံတွင်လည်း **"ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့"** ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ရေဆိုင်ရာ အချက်အလက်များကို စုစည်းကာ (Data Bank)တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်အတိုင်း **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး"** နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ဥပဒေအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့် လည်းကောင်း၊ အစွမ်းကုန်ထိန်းသိမ်းသွားရန် လိုအပ်ပြီး အမြော်အမြင်ရှိစွာဖြင့် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊ အနာဂတ်ရေဖူလုံစေရေး လူငယ်များ၏ပါဝင်မှုသည် အရေးကြီးသည့်အတွက် လူငယ်များကိုလေ့ကျင့်ပျိုးထောင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ လက်ရှိနှင့် အနာဂတ် မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး မျှတစွာသုံးစွဲနိုင်စေရန်၊ ရေအရင်းအမြစ်ကို ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက "ကမ္ဘာ့ရေနေ့ ဂုဏ်ပြုတေးသီချင်း" ဖြင့်ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အမျိုးသားအဆင့်ရေအရင်းမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများက ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများတင်ဆက်ကြသည့် "မေတ္တာရေတစ်စက်" ပြဇာတ်တို့ကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေတို့ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၄ အထိမ်းအမှတ် ပြခန်းများအတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ **အနာဂတ် ရေဖူလုံစေရေးအတွက် ရေစီမံအုပ်ချုပ်ရေးဟုခေါ်သည့် (Water Governance) လုပ်ငန်းများတွင် လူငယ်များ၏ပါဝင်မှုသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်**

❖ **ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်များကို အသိပညာပေးခြင်းသည် အရေးပါသည့် အခန်းကဏ္ဍအဖြစ် ပါဝင်လျက်ရှိ**

☆ ကျောဖုံးမှ

စစ်ရေးပြ အခမ်းအနား အစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၂**

၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်၌ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါး တီဘီရောဂါအဖြစ်အများဆုံး နိုင်ငံ ၃၀ တွင် အပါအဝင်ဖြစ်ပြီး WHO ၏ Global TB report (2023)အရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီလူနာသစ်ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်းမှာ ၈၀ ရှိနိုင်ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဦးဆောင်ကာ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားမဟာဗျူဟာစီမံကိန်း(National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၃ ခုနှစ်တွင် စုစုပေါင်းတီဘီလူနာ တစ်သိန်းနှစ်သောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်းမှာ ၈၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ တီဘီ ရောဂါ ရှာဖွေတွေ့ရှိမှုနည်းသည့် ဒေသများတွင် တီဘီရောဂါရှိပြီး ဆေးကုသမှုမရရှိနိုင်သေးသည့် လူနာများရှိနိုင်သဖြင့် ပိုမိုကြိုးစား ရှာဖွေပေးရန် လိုအပ်ပါကြောင်း၊ တီဘီရောဂါသည် ကုသပျောက်ကင်းနိုင်သည့် ရောဂါတစ်ခုဖြစ်သည့်အတွက် စောစီးစွာ ရှာဖွေဖော်ထုတ်ကုသနိုင်ပါက ပြည်သူလူထုအတွင်း တီဘီရောဂါကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ တီဘီလူနာအရှိန်အဟုန်မြှင့် ရှာဖွေခြင်းလုပ်ငန်း များကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တီဘီလူနာများအား မဖြစ်မနေမပျက်မကွက် သတင်းပို့နိုင်ရေးအတွက် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများအနေဖြင့် ယခုထက်ပိုမိုပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။



၂၀၂၃ ခုနှစ်အတွင်း တီဘီလူနာရှာဖွေတွေ့ရှိမှု၏ ၁၈ ရာခိုင်နှုန်းမှာ ကလေးများတွင်ဖြစ်ပြီး အသက်(၈) နှစ်အောက် ကလေးများ၏ သလိပ်နှင့် Stool Specimen ကို GeneXpert စက်ဖြင့် တီဘီပိုးရှာဖွေစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါရှာဖွေခြင်းကို လူနာများ လက်လှမ်းမီစေရန် Rapid Diagnostic Test ဖြစ်သော GeneXpert စက် အလုံး ၁၁၀ ကို တီဘီရောဂါတိုက်ဖျက်ရေးဌာန ၈၆ ခုတွင် တပ်ဆင်လွှမ်းခြုံ ဆောင်ရွက်လျက်ရှိပြီး အမျိုးသား မှိုင်ဖြမ်းပြုတီဘီဓာတ်ခွဲဌာန(ရန်ကုန်)တွင် အဓိကဆောင်ရွက်လျက်ရှိကာ မန္တလေးနှင့် တောင်ကြီးတို့တွင် အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါကုသမှုတွင် (၆)လ သို့မဟုတ် (၉)လထိသာ ဆေးကုသမှုခံယူရမည့် ကုထုံးသစ် (BPaLM/ BPaL)ကို ဆေးယဉ်ပါး တီဘီလူနာကုသမှုပေးနေသည့်ဌာနများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း။

တီဘီရောဂါကို ရှာဖွေကုသပေးရုံမျှသာမက တီဘီလူနာနှင့်အတူနေ မိသားစုထဲမှ အသက် ငါးနှစ်အောက်ကလေးများနှင့် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါဝေဒနာရှင်များကို တီဘီရောဂါ မဖြစ်အောင် ကာကွယ်ကုသခြင်း(TB Preventive Therapy, TPT) ကို လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြရန် အရေးကြီးပါကြောင်း၊ တီဘီလူနာနှင့်အတူနေသူ အသက်(၅)နှစ်အထက်ရှိသူများကိုလည်း တိုးချဲ့ကုသမှုပေးနိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တီဘီလူနာအားလုံး၏ ၉၃ ရာခိုင်နှုန်းကို HIV ပိုးရှိ၊ မရှိ စစ်ဆေးနိုင်ခဲ့ပြီး HIV ပိုးတွေ့ တီဘီလူနာ ၇၉၃၆ ဦးအနက် ၇၆ ရာခိုင်နှုန်းကို ART ဆေးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “Yes! We can End TB!” “တီဘီရောဂါပပျောက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းလို့ ပံ့ပိုးကူညီဆောင်ရွက်စို့။” နှင့်အညီ တီဘီရောဂါပပျောက်နိုင်ရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများကို လူတိုင်း လက်လှမ်းမီရရှိနိုင်ရန် အားလုံးပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ပြခန်းသို့ လှည့်လည်ကြည့်ရှုခဲ့ရာ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၈) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၀၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ဆက်လက်၍ ပါမောက္ခချုပ်အား အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် - ၃၀၄ ဦးအောင်ထက်သော်၊ အငယ်တန်းစာရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်-၈၈ ဒေါ်နန်းနှင်းယု လွှာဦး၊ အငယ်တန်းအင်ဂျင်နီယာ-၃ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကရင်ပြည်နယ် အစိုးရအဖွဲ့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၈၁ ဦး၊ သင်တန်းသူ ၂၈၃ ဦး စုစုပေါင်း ၄၆၄ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၁၅ ရက်မှ မတ် ၂၂ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

# စာဆိုစစ်သည်များ ရေးဖွဲ့ခဲ့သော တပ်မတော်သမိုင်းကြောင်း တစေ့တစောင်း

စာဖတ်ပရိသတ်တစ်ဦး

ဥသြပျိုငှက်တို့၏ တွန်ကျူးမှုနှင့်အတူ တပေါင်းလရာသီရောက်ခဲ့ချေပြီ။ စာရေးသူတို့ ငယ်စဉ်ကမူ ယခုလို နွေရာသီကျောင်းပိတ်ရက် တပေါင်းလရာသီရောက်ပြီဆိုလျှင်ဖြင့် ရပ်ကွက်စာအုပ်အငှားဆိုင်မှ စာအုပ်မျိုးစုံငှားရမ်း၍ တဝကြီးဖတ်ရှုဖြစ်ခဲ့ကြသည်။ စာအုပ်တွေကလည်း မျိုးစုံလှသည်။

တစ်ရက်၊ စာအုပ်အငှားဆိုင်တွင် စာအုပ်ရွေးရင်း ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)၏ "ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်" စာအုပ်ကို တွေ့လိုက်၍ စာမြည်းသဘော ဖတ်ရှုရင်း စိတ်ဝင်စားလာသဖြင့် ငှားရမ်းဖြစ်ခဲ့သည်။ စာအုပ်က စာရေးသူတို့မသိမမီခဲ့သည့် အတိတ်ခေတ်ကာလတစ်ခုကို ဆွဲခေါ်သွားသည်။

## ဟိုင်နန်ကျွန်း၏ စစ်ကျောင်းမှ ရဲဘော်သုံးကျိပ်ဝင်များ

"ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်" ဟူသည့် ဗိုလ်အောင်ဆန်းသီချင်းက ပို၍ပို၍ အသက်ဝင်ပီပြင်လာပါသည်။ ဟိုင်နန်ကျွန်း၏ စစ်ကျောင်းတွင် ဂျပန်ဆရာများထံမှ ရဲဘော်သုံးကျိပ်ဝင်များ အပင်ပန်း အဆင်းရဲခံ၍ စစ်ပညာသင်ကြားရင်း ဇာတိချက်ကြွေမွေးရပ်မြေ မြန်မာပြည်ကို လွမ်းခဲ့ကြပုံကိုဖတ်ရသည်မှာ ပို၍လွမ်းစရာဖြစ်ရပါသည်။

ညနေစောင်းအားလပ်ရက်တွင် ဗိုလ်လရောင်က "အင်း. . . ကဆုန်လပြည့်တောင် လွန်သွားပြီ။ ရန်ကုန်မှာဆိုရင် ကဆုန်ညောင်ရေသွန်းပွဲတော်မှာ ဘယ်လောက်ပျော်လိုက်မလဲ၊ ခုတော့ . . ."ဟု ဆိုလိုက်ရာ ကျန်ရဲဘော်များအားလုံး ငိုင်တွေတွေဖြစ်သွားခဲ့ကြသည်။ ဗိုလ်ရဲထွဋ်က "ဌာနီဟောင်းကို လွန်အောက်မေ့ပါသည်"သီချင်းကို မတိုးမကျယ် ဆိုညည်းလိုက်သည်။ "ဒါလားကွ . . . နေမဝင်တဲ့ အကြီးဆုံးအင်ပါယာကို ဖြိုမယ့်သူတွေ" ဟူသော ဂျပန်အမည် အိုမိုတာမွန်ချီ ခေါ် သခင်အောင်ဆန်း၏ အသံသြသြကြီးနှင့်အတူ ရဲဘော်များ ပြန်လည်အသက်ဝင်လာပြီး ထိုင်နေရာမှထ၍ စစ်တန်းလျားဆီသို့ စစ်ချီသီချင်းများသီဆို၍ လျှောက်သွားခဲ့သည်များကို ဖတ်ရှုရသည်မှာ ရဲဘော်သုံးကျိပ်ဝင်များနည်းတူ စိတ်ခံစားမှုကို ဖြစ်ပေါ်စေခဲ့သည်။

တစ်ဖန် စစ်ပညာလေ့ကျင့်ခန်းတွင် ဗိုလ်ဇေယျသည် နေအပူရှိန်ကြောင့် ကျောပူ၊ သဲဒဏ်ကြောင့် ရင်ပူလှ၍ အမှတ်တမဲ့ ရင်ပူသက်သာစေရန် ခါးကို ကုန်းလျက်ထမိစဉ် ဂျပန်ဆရာက ဂျပန်ထုံးစံအရ ပါးရိုက်ခဲ့ပုံ၊ တန်းဖြုတ်ချိန်တွင် ဗိုလ်ဇေယျက ခံပြင်း၍ "လွတ်လပ်ရေး ချက်ချင်းပေး၊ အရေးတော်ပုံအောင်ရမည်လို့ အော်ကြပါဦးလား။ အခုတော့ ကောင်းကြသေးရဲ့လား၊ ဒီမှာကြည့်စမ်းပါဦးလား"ဟု ပါးကိုလက်ညှိုးထိုးပြစဉ် သခင်အောင်ဆန်းက "ဒါလားကွယ့်။ နေမဝင်ဘုရင်ကို စစ်ပြိုင်မယ့်သူတွေ၊ အသက်တောင် အသေခံမယ်လို့ဆုံးဖြတ်ထားကြပါပြီပဲ။ ဒီလောက်ဖြစ်ပျက်မှုကိုတော့ ခံနိုင်ရမယ်ပေါ့"ဟူသည့် ခေါင်းဆောင်မှုပေးခဲ့ပုံများ၊ ဂျပန်ထံတွင် စစ်ပညာသင်ကြားစဉ် အနေဆင်းရဲ၊ အစားဆင်းရဲလွန်း၍ ရဲဘော်သုံးကျိပ်ဝင်များသည် စတိုခန်းအတွင်းမှ သစ်သီး၊ ဘီစကွတ်၊ ဆိုဒါပုလင်းများ စသည်ဖြင့် စားစရာ၊ သောက်စရာအချို့ကို အလစ်သုတ်ယူ၍ ဝေမျှစားခဲ့ရပုံများ၊ စိတ်ဝင်စားလွန်းလို့ စာအုပ်ကိုလက်ကမချနိုင်ခဲ့။



မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီး စူဇူကီး ခေါ် ဗိုလ်မိုးကြိုးတို့ ဦးဆောင်သော ရဲဘော်သုံးကျိပ်အဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

## တပ်မတော်သမိုင်းကြောင်း စာပေလက်ရာများ

ထို့နောက်မှာတော့ စာဆိုစစ်သည်များ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် တပ်မတော်သမိုင်းကြောင်း စာပေလက်ရာများကို လက်လှမ်းမီရာ ဆက်တိုက်ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၏ "တော်လှန်ရေးအတွေ့အကြုံများ"၊ ဗိုလ်သံတိုင်၏ "လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း"၊ ခင်မောင်ညို(မန်း)၏ "အညတရစစ်သည်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း"၊ အငြိမ်းစား ဗိုလ်မှူးအေးငွေ၏ "သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်း"၊ မှူးသမိန်၏ "ဘုံဘဝကြုံတွေ့ရ ဇာတ်လမ်းများ"၊ ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်၏ "ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး"၊ "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်"၊ "မုန်တိုင်းလွန်သော်"၊ "မင်းရေးကြွယ်ကြွယ်"၊ ထီလာစစ်သူ၏ "စီးဆင်းရစ်လေဦး ဧရာဝတီ" စသည် စသည်ဖြင့် . . .။

အငြိမ်းစားဗိုလ်မှူးအေးငွေ ခေါ် ဆရာ ဒဂုန်မြတ်လေးနွယ်က "သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်း" စာအုပ်အမှာစာတွင် "ဒဂုန်မဂ္ဂဇင်းတွင် ဝတ္ထုအမြောက်အမြားရေးခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံများသည် ဥရောပမှ ခုန်ပျံကျော်လွှား၍ အရှေ့ဖျားဆီသို့ ကူးစက်လောင်ကျွမ်းခဲ့လေရာ မြန်မာပြည်တွင်လည်း စစ်မီးများ တဟုန်းဟုန်း တောက်လောင်ခဲ့လေတော့သည်။ သည်တွင် တိုင်းပြည်လွတ်လပ်ရေးအတွက် အမိမြန်မာပြည်ကလည်း လက်ယပ်ခေါ်နေပါပြီ။ တာဝန်ကိုသိကြသော မျိုးချစ်လူငယ်လူရွယ်တိုင်း မိခင်ကြီးခေါ်ရာသို့ ဦးပြည်းကိုရိုက်၍ အတိတ်ကိုစွန့်ကာ အခွန့်ကြာ အနာဂတ်လွတ်လပ်ရေးခရီးလမ်းဆီသို့ သေနတ်ကိုယ်စီထမ်း၍ ရွှင်လန်းဝမ်းမြောက်စွာ ချီတက်ကုန်ကြပါသည်။ ကျွန်တော့်အဖို့တွင်လည်း မနေနိုင်တော့ပါပြီ။ သမိုင်းပေးတာဝန်က ကျွန်တော့်ကို ပေးအပ်နေပါပြီ။ အလှည့်ကျသော်က နွားမသော်မှ ဝန်ထမ်းရသေးသည်မဟုတ်ပါလော" စသည်ဖြင့် "အစီရင်ခံပါရစေ"ဟု အစချီ၍ ရေးသားခဲ့ပါသည်။

ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်က "ဂျပန်ခေတ် စစ်ပညာတော်သင်တစ်ဦး" စာအုပ်တွင် "တင်စားပြောဆိုရပါမူ ကိုယ်ရေးကိုယ်တာ အဖြစ်အပျက်တွေကိုဖယ်ထား၊ ကျန်သောအကြောင်းအရာတို့သည် ဗမာ့တပ်မတော်သမိုင်း၏ အခန်းတစ်ခန်းဖြစ်သည်လို့ပင် ဆိုချင်ပါသည်"ဟူ၍လည်းကောင်း၊ "သို့တင်ပြရာမှ ထိုခေတ်မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း၏ အခြေအနေ၊ ထိုသင်တန်းတွင် ဂျပန်တို့လက်ဖဝါးအောက်၌ ပညာရှာမှီးခဲ့ကြရသော ရဲဘော်များ ဖြတ်သန်းခဲ့ကြရသည့်ဘဝ၊ ထိုမှတစ်ဖန် ဂျပန်ပြည်ရှိ ဘုရင့်စစ်တက္ကသိုလ်သို့ ဆက်လက်သွားရောက် ပညာဆည်းပူးခဲ့ကြရသော ရဲဘော်တို့၏ အတွေ့အကြုံ အဖြစ်အပျက် စသည်တို့ကို စာဖတ်ပရိသတ်၊ အထူးသဖြင့် လက်ရှိ ယနေ့တပ်မတော်သားများ၊ တိုင်းပြည်၏ အညွန့်အဖူးများဖြစ်ကြသည့် ဤခေတ် လူငယ်လူရွယ်များသည် ကျွန်တော်နှင့်အတူ အတိတ်ဆီသို့ တစ်ခါတစ်ခေါက်ပြန်ကာလျှောက်ကြရင်း ကျွန်တော်တို့ ထိတွေ့ခဲ့ကြရသော ခံစားမှုမျိုးစုံတို့ကို ထိတွေ့ခံစားနိုင်ကြပါစေ" ဟူ၍လည်းကောင်း အမှာစာတွင် "စာရေးသူဆန္ဒ"ဟူ၍ ဖော်ပြခဲ့ပါသည်။

## တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်

ထို့အတူ "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်" စာအုပ်တွင်လည်း "ဤမှတ်တမ်းကို ၁၉၄၆ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် တိုင်းပြည်၏အခြေအနေ တစ်စိတ်တစ်ဒေသအဖြစ်လည်း ယူဆနိုင်ပါသည်။ ထိုစဉ်က တိုင်းပြည်၏ အခြေအနေနှင့် တပ်မတော်၏ အခန်းကဏ္ဍ တစ်စိတ်တစ်ဒေသကို သိရုံမျှ တင်ပြထားခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရာတို့ ဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ခန့်ရှိခဲ့ပါပြီ။ ယနေ့အသက်အရွယ် လေးဆယ်ပတ်ဝန်းကျင်ရှိ လူလတ်ပိုင်းတို့သည် ထိုအချိန်က မွေးဖွားကြဦးမည်မဟုတ်ကြသေး။ ဟုတ်စေဦးတော့ လေးဘက်တွားသွားသာ မျှသာရှိကြပါဦးမည်။ ထိုလူလတ်ပိုင်းတို့တွင် လက်ရှိတပ်မတော်၌ အမှုထမ်းနေကြသော အရာရှိငယ်များနှင့် အကြပ်ရဲဘော်များ အများအပြားပါရှိကြမည်ဖြစ်သည်။

ထိုသူတို့သည် အင်းစိန်တိုက်ပွဲ၊ ပုသိမ်တိုက်ပွဲ၊ မန္တလေးမြို့ကျဆုံးခြင်း၊ တောင်ငူမြို့ကျဆုံးခြင်း၊ ပဲခူးစစ်မျက်နှာ အစရှိသည်တို့ကိုလည်းကောင်း၊ 'ရန်ကုန်အစိုးရ'ဟု နိုင်ငံခြားသတင်းစာအချို့တို့က သရော်လှောင်ပြောင် ခေါ်ဝေါ်ခဲ့သော ထိုခေတ်ကိုလည်းကောင်း၊ ထိုအချိန်က ပြည်ထောင်စုအလံတော် ယိုင်လဲလုမတတ် ဖြစ်ခဲ့ရသည်ကိုလည်းကောင်း ကြားဖူးချင်မှ ကြားဖူးကြမည်ဖြစ်သည်။ ထိုခေတ်တပ်မတော်သည် မည်သို့သော အခက်အခဲ၊ မည်သို့သော စွန့်စားမှုတို့ကို ရင်ဆိုင်ခဲ့ကြရသည်ဆိုသည်ကိုတော့ဖြင့် အသေးစိတ်သိရှိကြမည်မထင်။ ထိုအကြောင်းတို့ကို သူတို့အား သိစေလိုပါသည်။ သိစေလိုသဖြင့် ယနေ့ရေးရသည်" ဟူ၍ "စာရေးသူ၏အမှာ"အဖြစ် မိတ်ဆက်ရေးသားတင်ပြခဲ့ပါသည်။

စာဆိုစစ်သည်များ၏ ထိုထိုသောဆန္ဒမွန်၊ စေတနာများက ကြီးမားလှပါပေသည်။

စာမျက်နှာ ၇ သို့ ❒

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်က "ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး"စာအုပ်တွင် "တင်စားပြောဆိုရပါမူ ကိုယ်ရေးကိုယ်တာ အဖြစ်အပျက်တွေကိုဖယ်ထား၊ ကျန်သောအကြောင်းအရာတို့သည် ဗမာ့တပ်မတော်သမိုင်း၏ အခန်းတစ်ခန်းဖြစ်သည်လို့ပင် ဆိုချင်ပါသည်"ဟူ၍လည်းကောင်း၊ "သို့တင်ပြရာမှ ထိုခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၏ အခြေအနေ၊ ထိုသင်တန်းတွင် ဂျပန်တို့လက်ဖဝါးအောက်၌ ပညာရှာမှီးခဲ့ကြရသော ရဲဘော်များ ဖြတ်သန်းခဲ့ကြရသည့်ဘဝ၊ ထိုမှတစ်ဖန် ဂျပန်ပြည်ရှိ ဘုရင့်စစ်တက္ကသိုလ်သို့ ဆက်လက်သွားရောက်ပညာဆည်းပူးခဲ့ကြရသော ရဲဘော်တို့၏ အတွေ့အကြုံ အဖြစ်အပျက် စသည်တို့ကို စာဖတ်ပရိသတ်၊ အထူးသဖြင့် လက်ရှိယနေ့တပ်မတော်သားများ၊ တိုင်းပြည်၏ အညွန့်အဖူးများဖြစ်ကြသည့် ဤခေတ်လူငယ်လူရွယ်များသည် ကျွန်တော်နှင့်အတူ အတိတ်ဆီသို့ တစ်ခါတစ်ခေါက် ပြန်ကာလျှောက်ကြရင်း ကျွန်တော်တို့ ထိတွေ့ခဲ့ကြရသော ခံစားမှုမျိုးစုံတို့ကို ထိတွေ့ခံစားနိုင်ကြပါစေ"ဟူ၍လည်းကောင်း အမှာစာတွင် "စာရေးသူဆန္ဒ"ဟူ၍ ဖော်ပြခဲ့

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး တို့အား အမှူးထား၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်း ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အလှူတော် မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး အမှူးပြုသည့် အလှူရှင် အလှူအမ ဝန်ထမ်းမိသားစုများသည် ရဟန်းလောင်းများ၊ရှင်သာမဏေလောင်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်အတူ အနုပညာရှင် ဒိန်းဒေါင်နှင့် ရွှေတံဆိပ်ဆုရှင် ဇော်လင်းတို့က ဦးဆောင်ကာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး အမှူးပြုသည့် အလှူရှင် အလှူအမ ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့် အညီ ရှင်လောင်းထုတ်ခြင်း အစီအစဉ်ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ပြီး ဦးခိုက်ကန်တော့ခြင်းနှင့် ရှင်လောင်းလှည့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရှင်သာမဏေလောင်းများသည် ရွှေနံ့သာရပ်ကွက်ရှိ ရွာတော်ရှင် နတ်နန်းသို့ သွားရောက်ပြီး နတ်အပူဇော်ခံကြသည်။

ထိုသို့ ရှင်လောင်းလှည့်လည်အပြီး ဝန်ကြီးရုံး အလှူတော်မင်္ဂလာခန်းမအပြင်တွင် စုစည်း၍ ရှင်လောင်းသွင်းခြင်း အစီအစဉ်ကို ထုံးတမ်းစဉ်လာနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ရဟန်းလောင်း၊ သာမဏေလောင်းများ၊ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ဘိသိက်သွန်းခြင်း မင်္ဂလာအစီအစဉ်ကို ကျင်းပသည်။

ထို့နောက် သက်ဆိုင်ရာဌာနအလိုက် ကုသိုလ်ပြု ဆောင်ရွက်ကြမည့် ဘုန်းတော်ကြီးကျောင်းများ၌ ဆံချခြင်း၊ ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများ သင်္ကန်းတောင်းခြင်း၊ သင်္ကန်းစည်းခြင်း၊ သီလရှင်လောင်းများအတွက် သီလရှင်ပြုဖွယ် ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် ရဟန်းလောင်းများဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလှူတော်မင်္ဂလာနေ့ မတ် ၂၃ ရက်တွင် ရဟန်းလောင်းများ သိမ်တက်ခြင်း၊ သိမ်ဆင်းလောင်းလှူခြင်း၊ အလှူတော်မင်္ဂလာ တရားနာယူခြင်း၊ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနား၌ ရဟန်း ၃၃ ပါး၊ ရှင်သာမဏေ ကိုးပါး၊ သီလရှင် ခြောက်ပါး စုစုပေါင်း ၄၈ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




❒ စာမျက်နှာ ၆ မှ

စာဆိုစစ်သည်များ၏ သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်းများ၊ ဘုံဘဝကြုံတွေ့ရ ဇာတ်လမ်းများကြောင့်ပင် စာရေးသူတို့အပါအဝင် နှောင်းခေတ်လူတို့သည် မိမိတို့နိုင်ငံနှင့် တပ်မတော်၏ အတိတ်သမိုင်းကြောင်းများကို လေ့လာခွင့်ရခဲ့ကြခြင်း ဖြစ်ပါသည်။

### စာဆိုစစ်သည်များ၏ စစ်မှတ်တမ်းစာပေများ

ဇာနည်မောင်၏ "ပြည်တွင်းစစ်နှင့် လေကြောင်းအကူ"၊ "ဒို့နိုင်ငံကိုလာမထိနဲ့" စာအုပ်များ၊ လေသူရဲတစ်ဦး ဦးလှဝင်း၏ "တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်ကနှင့် ကိုယ်တွေ့လေကြောင်းဝတ္ထုများ"၊ တပ်ကြပ်မောင်ထူး၏ "အောင်ဆန်းသူရိယလှသောင်း"၊ မိုးမိုးတာရောစန်၏ "မုန်တိုင်းကိုမမှုအန်တုလေသော်" နှင့် "ပန်းခင်းသောလမ်းမဟုတ်ပါ"၊ ဒေါက်တာမောင်မောင်၏ "သားမောင်စစ်သည်သို့" နှင့် "မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" စာအုပ်များအပြင် ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၏ "စစ်ဆင်ရေးပြီး စစ်ဆင်ရေး"၊ နှောင်စစ်သည်၏ "သေတစ်နေ့ မွေးတစ်နေ့"၊ တင့်ဆွေ(ဖျာပုံ)၏ "ကျောပိုးအိတ်လေးကိုချီကာလွယ်"၊ သောင်းဝေဦး၏ "စစ်သားဘဝအမှတ်တရများ"၊ "အမှတ်တရတိုက်ပွဲများ"၊ "သေကံမရောက် သက်မပျောက်" အပါအဝင် စစ်မှတ်တမ်းစာစဉ်များ၊ မြန်မာပြည်သားကိုကို၏ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်"စာအုပ်အတွဲများ စသည့် စာဆိုစစ်သည်များ၏ စစ်မှတ်တမ်းစာပေများကလည်း တပ်မတော်၏အတိတ်နှင့် ပစ္စုပ္ပန်ကို ချိတ်ဆက်ပေးနိုင်ခဲ့ပါသည်။

> ❝ တကယ်တော့ တပ်မတော်သမိုင်းနှင့် နိုင်ငံ့သမိုင်းသည် ခွဲခြား၍မရစကောင်းပေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ထပ်တူထပ်မျှဖြစ်လေသည်။ တပ်မတော်သမိုင်းနှင့်ပတ်သက်၍ ထိုထိုသော စာဆိုစစ်သည်များစွာတို့သည် ရှုထောင့်အသီးသီးမှ ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြပါသည်။ မည်သည့်အတွက်ကြောင့် ရေးဖွဲ့ခဲ့ကြသည်ကိုလည်း ဖော်ပြပါ အမှာစာများတွင် တွေ့မြင်နိုင်ပါသည်။ ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)၏ "နောက်တစ်ကြိမ်တော့ ဒို့နိုင်ငံ ကျွန်ပြန်မဖြစ်ချင်တော့ပါ"ဟူသည့် အမှာစာကလည်း စိတ်ထိခိုက်ဖွယ်ကောင်းလှသလို အနာဂတ်အတွက်လည်း သတိပြုဆင်ခြင်စရာဖြစ် ❞

စာရေးသူတို့အဖို့ ငယ်စဉ်မှ ယနေ့တိုင် လက်လှမ်းမီရာ စစ်မှတ်တမ်းစာပေများကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုဖြစ်ခဲ့ခြင်းသည် စာဆိုစစ်သည်တစ်ဦးဖြစ်သည့် ဆရာတင်သန်းဦး၏ စာပေလက်ရာများနှင့်လည်းမကင်းဟု ဆိုရပေမည်။ ဆရာတင်သန်းဦး၏ "စောနန်း"၊ "ဝါဆာနာယော" စသည့် အချစ်နှင့် စစ်ဝတ္ထုများ၊ "လေးစားပါသည်ရဲဘော်"၊ "ဂုဏ်ယူပါသည်ရဲဘော်"၊ "တူယှဉ်ကာလေ" စသည့် စစ်ဝတ္ထုမှတ်တမ်းများက စာပေအနုပညာသဘော ခြယ်မှုန်းရေးဖွဲ့ထား၍ လူငယ်ဘဝတွင် ဆွဲဆောင်မှုအားကောင်းခဲ့ပါသည်။

### နိုင်ငံတော်အပေါ်သစ္စာရှိခဲ့သော တိုင်းရင်းသားများ

စာဆိုစစ်သည်တစ်ဦး မဟုတ်သော်လည်း အတ္ထုပ္ပတ္တိစာပေတွင် ထင်ရှားကျော်ကြားသူ ဆရာတက္ကသိုလ်စိန်တင်၏ "ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း" စာအုပ်ကလည်း လူငယ်ဘဝတွင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုရလောက်အောင် စိတ်ဝင်စားဖို့ ကောင်းလှသည်။ နိုင်ငံတော်ကြီး အခက်အခဲ အကျပ်အတည်းပေါင်းစုံ ကြုံတွေ့နေခိုက်တွင် ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီးဟရန်သီယို၊ ဗိုလ်မှူးကြီးဗန်ကူးတို့ကဲ့သို့ နိုင်ငံတော်အပေါ်သစ္စာရှိခဲ့သော တိုင်းရင်းသားများကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

တကယ်တော့ တပ်မတော်သမိုင်းနှင့် နိုင်ငံ့သမိုင်းသည် ခွဲခြား၍မရစကောင်းပေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းသည် ထပ်တူထပ်မျှ ဖြစ်လေသည်။ တပ်မတော်သမိုင်းနှင့်ပတ်သက်၍ ထိုထိုသော စာဆိုစစ်သည်များစွာတို့သည် ရှုထောင့်အသီးသီးမှ ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြပါသည်။ မည်သည့်အတွက်ကြောင့် ရေးဖွဲ့ခဲ့ကြသည်ကိုလည်း ဖော်ပြပါ အမှာစာများတွင် တွေ့မြင်နိုင်ပါသည်။ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၏ "နောက်တစ်ကြိမ်တော့ ဒို့နိုင်ငံ ကျွန်ပြန်မဖြစ်ချင်တော့ပါ" ဟူသည့် အမှာစာကလည်း စိတ်ထိခိုက်ဖွယ်ကောင်းလှသလို အနာဂတ်အတွက်လည်း သတိပြုဆင်ခြင်စရာဖြစ်ရပါသည်။

သို့ဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များသည် မိမိတို့နိုင်ငံနှင့် တပ်မတော်သမိုင်းကို လက်လှမ်းမီရာ လေ့လာဖတ်ရှုသင့်ကြောင်း အကြံပြုတင်ပြရင်း (၇၉)နှစ်မြောက် တပ်မတော်နေ့ အခါသမယတွင် စာဆိုစစ်သည်များအား ဂုဏ်ပြုလိုက်ရပါသည်။ ။

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၁) ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ "ငွေကြေးလုပ်ငန်းကဏ္ဍတွင် နည်းပညာအသုံးပြုဆောင်ရွက်မှုနှင့် ငွေရေးကြေးရေးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဆွေးနွေးပွဲ" အမှတ်စဉ် (၅၁) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ဆွေးနွေးတင်ပြသည့် အကြောင်းအရာတွင် ပါဝင်သော ငွေရေးကြေးရေးဆိုသည်မှာ လတ်တလော တိုးတက်လာသော နည်းပညာများအရ ငွေကြေးလုပ်ငန်းကဏ္ဍတွင် နည်းပညာအသုံးပြုခြင်းဖြင့် ဆောင်ရွက်မှုများ ပိုမိုထိရောက် မြန်ဆန်လာကြောင်း၊ အီလက်ထရောနစ် ငွေပေးချေမှုစနစ်(E-Payment) များဖြင့် ငွေပေးချေမှုများ ပိုမိုအသုံးပြုလာကြကြောင်း၊ E-Payment များ အသုံးပြုခြင်းဖြင့် ပေးချေသူနှင့် လက်ခံသူအကြား တိကျသော ငွေကြေးပမာဏကို ကြားခံရန်မလိုဘဲ အချိန်တိုအတွင်း လျင်မြန်စွာ ပေးချေနိုင်ကြောင်း၊ နည်းပညာတိုးတက်လာမှုနှင့်အတူ စက်ရုပ်တု (AI)နည်းပညာရပ် ပေါ်ပေါက်လာပြီး ဘဏ္ဍာရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေပေးချေမှုစနစ်တွင် ဝန်ဆောင်မှုအများစု၌အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို တွင်ကျယ်စွာ အသုံးပြုလာပြီဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ နည်းပညာတိုးတက်မှုများကို ဝန်ထမ်းများအားလုံး သိရှိနားလည်ရန် လိုအပ်သဖြင့် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူချိုက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းဘဏ္ဍာရေးနှင့် ငွေကြေးတက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့သည့် "ငွေကြေးလုပ်ငန်းကဏ္ဍတွင် နည်းပညာအသုံးပြုဆောင်ရွက်မှုနှင့် ငွေရေးကြေးရေးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် လက်ရှိအသုံးပြုနေကြသည့် အဓိကကျသော (ABCD) နည်းပညာများဟု ခေါ်ကြသည့် Artificial Intelligent- AI ၊ Block Chain ၊ Cloud Computing နှင့် Big Data နည်းပညာများ၊ ငွေရေးကြေးရေးဆိုင်ရာ နည်းပညာများ (Financial Technology)၊ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှု (Digital Services) တိုးတက်အသုံးပြုနိုင်ရေးနှင့် ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းစဉ်များ တိုးတက်လုပ်ဆောင်နိုင်စေရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက Financial Technology ကို အသုံးပြု၍ MSMEs လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှု၊ Big Data အသုံးပြုခြင်း၏ အရေးပါမှုများနှင့် E- Payment စနစ်များ၏ အကျိုးသက်ရောက်မှုများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်း ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒု-ဦးစီးမှူး (စက်/လျှပ်) များ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး (စက်/လျှပ်) များ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းမှ သင်ကြားပို့ချခဲ့သည်များကို အခြေခံ၍ နည်းပညာဆိုင်ရာစာအုပ်များကို လေ့လာပြီး အတွေ့အကြုံရှိ အင်ဂျင်နီယာများနှင့် ပူးတွဲဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လုပ်ကိုင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုကို ဖန်တီးတည်ဆောက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့တတ်စွမ်းသမျှ အင်အားစွမ်းရည် အပြည့်အဝသုံး၍ လုပ်ငန်းအောင်မြင်ပြီးမြောက်ရေး ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မျက်ခြည်မပြတ်လေ့လာ၍ စည်းစနစ်ကျနစွာ ပြုမူနေထိုင်ကြရန်လိုကြောင်း၊ သင်တန်းသားများ အနေဖြင့် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆု ရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ပြီး သင်တန်းဆင်းပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနအကြီးအကဲများသည် သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယှဉ်ပြိုင်မှုဥပဒေသည် စီးပွားရေးနှင့်သက်ဆိုင်သည့် ကဏ္ဍတိုင်းနှင့်ပတ်သက်နေသည့်အတွက် သဘောသဘာဝအရ ကျယ်ပြန့်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဒေသတွင်း၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြပြီဖြစ်သည့်အတွက် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ နောက်ပိုင်း ကမ္ဘာ့စီးပွားရေးပြန်လည်ထူထောင်မှုတွင် ယှဉ်ပြိုင်မှုဥပဒေ၏ အခန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ယှဉ်ပြိုင်မှုဥပဒေ၏ အခန်းကဏ္ဍစသည်ဖြင့် အသစ်အသစ်သော အခြေအနေများတွင်လည်း ယှဉ်ပြိုင်မှုက ပိုမိုအရေးပါလာသည့်အတွက် နောက်ကျမကျန်ခဲ့စေရေး ပိုမိုအားစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် တရားမျှတသည့် ယှဉ်ပြိုင်မှု ထွန်းကားရေးအတွက် ထိန်းကျောင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်ပဆက်ဆံရေးတွင်လည်း လစ်ဟင်းမှုမရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသတွင်းနှင့် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများ၊ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများသို့ ရန်ပုံငွေထောက်ပံ့ပေးအပ် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ ဆင်သေချောင်း လျှပ်စစ်ရေတင်မှ နွေသီးနှံရေပေးဝေ

**နေပြည်တော် မတ် ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများသို့ ရန်ပုံငွေထောက်ပံ့ပေးအပ်ပွဲနှင့် ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးသင်တန်းကျောင်း AERDTC ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ ထူထောင်ဆောင်ရွက်ကြမည့် မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ စီမံကိန်းဝင်ကျေးရွာ ၄၀ မှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဦးစီးဌာနက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အထောက်အပံ့ဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျေးရွာပေါင်း ၂၄ ရွာ၏ အခြေခံအဆောက်အအုံများ၊ ဝင်ငွေတိုးလုပ်ငန်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။




ကျေးရွာများအနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း စံပြဆောင်ရွက်ကြမည့် ကျေးရွာခေါင်းဆောင်များ အနေဖြင့် မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွင် မိမိတို့ရွာသူရွာသားများ တက်တက်ကြွကြွ ပါဝင်လာနိုင်အောင်စည်းရုံးပြီး စံနမူနာကောင်းပေးနိုင်သည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန်နှင့် မိမိတို့ကျေးရွာများကို နေချင့်စဖွယ်ကောင်းသော စံပြကျေးရွာများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးအပ်ပြီး ဒုတိယဝန်ကြီးများက မတ် ၁၈ ရက်မှ ၂၂ ရက်ထိ ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း(၁/၂၀၂၄)သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြရာ သင်တန်းသား ကိုယ်စားလှယ် များက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီးများသည် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ ဆင်သေချောင်းလျှပ်စစ်ရေတင်မှ နွေသီးနှံရေပေးဝေခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများက လျှပ်စစ်ရေတင်စက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်၍ စားရေရိက္ခာဖူလုံမှုကို အထောက်အပံ့ဖြစ်စေမည့် သီးနှံများကို ဦးစားပေးစိုက်ပျိုးခြင်း၊ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး ကြိုးပမ်းသွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၏ စီးပွားရေးအောင်မြင်မှု အခွင့်အလမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် ကြံဖိုစုလျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးမြေ ဧက ၄၅၀ ၏ နွေသီးနှံစိုက်ပျိုးနိုင်ရေး အကျိုးပြုသွားမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧက ၉၀ ထပ်မံတိုးချဲ့ ပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ စုစုပေါင်း ရေသောက်ဧရိယာ ဧက ၅၄၀ တွင် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ရက်ကန်း ကာလတိုသင်တန်းဆင်းပွဲ ကျင်းပ

**မကွေး မတ် ၂၂**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဦးစီး၍ ဖွင့်လှစ်သည့် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region One Product)ဖြင့် ဆောင်ရွက်မည့် လက်ရက်ကန်းကာလတို သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က သင်တန်းသူများအတွက် ထောက်ပံ့ပစ္စည်းနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူနှစ်ဦးက လက်ခံရယူခဲ့ပြီး မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က သင်တန်းသူများ ကိုယ်စား ကုန်ချောပစ္စည်းများပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများကိုယ်တိုင် ရက်လုပ်ထားသည့် အဝတ်အထည်များအား လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦးကို သင်တန်းနည်းပြတစ်ဦးက လက်ရက်ကန်းဆိုင်ရာများနှင့် ပတ်သက်သည့် သင်ခန်းစာများအား ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂၂ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အောင်ကို (ပြန်/ဆက်)**





# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၂၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးရုံးရှိ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ တိုင်းရင်းသားများစည်းလုံးညီညွတ်မှ တိုင်းပြည်ငြိမ်းချမ်းသာယာမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ နောက်ခံသမိုင်းကြောင်း၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်၊ စစ်မှုထမ်းဥပဒေကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအကြောင်း၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ အစရှိသည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အထွေထွေဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်နှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုမ္ပဏီ ၂၁၅ ခုနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေ စုစုပေါင်းငွေကျပ် ၁၃၆၅၆၃၀၀၀၀ (၁ ဒသမ ၃ ဘီလီယံကျော်)ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင်၊ တပ်မတော်နေ့ ကျင်းပရေးစစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ကျောက်ကချားကျေးရွာ၊ စံဖူးကျေးရွာ၊ ပါချားကလို့ကျေးရွာ၊ ဒုံလိတောင်ကျေးရွာများသို့ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PNLO၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ ကျေးရွာသူ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ ဝင်ရောက်နေရာယူလှုပ်ရှားခြင်းများ လုပ်ဆောင်ခဲ့သည်။

**သတင်းပေးပို့တိုင်ကြား**

ထိုသို့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပအိုဝ်း တိုင်းရင်းသားများအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PNLO၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာ နေရာများ၌ ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။




**ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

အဆိုပါ အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဒုတိယနေ့ ဆက်လက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၂၂**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဆက်လက်သီဆို ကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူအဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မြန်မာနိုင်ငံအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ

**မင်းခန့်**

ကမ္ဘာ့နိုင်ငံများအားလုံးမှာ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် ကာကွယ်ရေးစွမ်းအားစုတွေ စုဆောင်းနိုင်အောင် ကွဲပြားခြားနားတဲ့စစ်မှုထမ်းဥပဒေတွေကို ကျင့်သုံးလျက်ရှိကြပါတယ်။ ဒီလိုကျင့်သုံးတဲ့နေရာမှာ မိမိနိုင်ငံအတွက် လိုအပ်မယ့်၊ ကိုက်ညီမယ့်ပမာဏကို စိစစ်ခေါ်ယူလေ့ရှိကြပါတယ်။ သို့သော်လည်း **ဒီလိုစစ်မှုထမ်းဥပဒေတွေရဲ့ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ လိုအပ်ရင် စစ်မှုထမ်းဆောင်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာတွေတတ်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ရှိလာအောင် ပြဋ္ဌာန်းထားကြတာဖြစ်ပါတယ်။** ဒီလိုပြဋ္ဌာန်းပြီး ရွေးချယ်စိစစ်ခေါ်ယူမယ့်နည်းလမ်းနဲ့ ပမာဏကို နိုင်ငံတော်က သုံးစွဲနိုင်မယ့်ဘဏ္ဍာငွေပမာဏနဲ့၊ နိုင်ငံရေးနဲ့ လုံခြုံရေးပတ်ဝန်းကျင်အခြေအနေတွေအရ ထိန်းညှိဆောင်ရွက်ကြရပါတယ်။

**❑ ဒီလိုစစ်မှုထမ်းဥပဒေတွေရဲ့ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ လိုအပ်ရင် စစ်မှုထမ်းဆောင်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာတွေ တတ်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ရှိလာအောင် ပြဋ္ဌာန်းထားကြတာဖြစ်**

**❑ နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့အကြားမှာ တည်ရှိနေတဲ့နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေးအသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်းသိသင့်၊ တတ်သင့်လှပါတယ်။**

ဒီဆောင်းပါးမှာတော့ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ စစ်မှုထမ်းဥပဒေတွေနဲ့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ ဆိုတာကို ဆွေးနွေးပေးချင်ပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စစ်မှုထမ်းစနစ်တွေကို ခြုံငုံလေ့လာကြည့်လိုက်တဲ့အခါ အမျိုးသား၊ အမျိုးသမီး ခြွင်းချက်မရှိ တာဝန်ထမ်းဆောင်ရတဲ့ စစ်မှုမထမ်းမနေရစနစ် (Mandatory Conscription) စနစ်၊ ဥပဒေအရ စစ်မှုမထမ်းမနေရစနစ်နဲ့ ဆန္ဒပြုစနစ်ကို တွဲစပ်ကျင့်သုံးသည့် (De Jure Conscription or Combination) ဆိုပြီး နှစ်မျိုး တွေ့ရပါတယ်။ အသက်အရွယ်နဲ့ ကျန်းမာရေးအဆင့်အတန်းမီတဲ့ အမျိုးသား၊ အမျိုးသမီး နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဖြစ်တဲ့ Mandatory Conscription စနစ်ကို လူဦးရေနည်းပါးတဲ့ နိုင်ငံငယ်လေးတွေနဲ့ တစ်ပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ အတွေ့ရများပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဥပဒေအရ စစ်မှုထမ်းဆောင်ရမယ့် နိုင်ငံသားများအားလုံး မှတ်ပုံတင်စေသော်လည်း တာဝန်ထမ်းဆောင်ဖို့ ဆန္ဒပြုသူတွေနဲ့ အင်အားလိုအပ်သလောက်သာ အကန့်အသတ်နဲ့ဆင့်ခေါ်တဲ့ De Jure or Combination ပုံစံကျင့်သုံးတာကို တွေ့ရပါတယ်။

## စစ်မှုထမ်းဆောင်ရန်အတွက် မဖြစ်မနေ မှတ်ပုံတင်ရတဲ့စနစ် ပြုလုပ်ထား

လစ်ဘရယ်ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံမှာလည်း ကမ္ဘာစစ်ကြီးတွေ ဖြစ်ပွားနေတဲ့ကာလမှာ စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးခဲ့ပြီး ယခုလည်း Selective Service လို့ခေါ်တဲ့ အသက် ၁၈ နှစ်ပြည့်လျှင် စစ်မှုထမ်းဆောင်ရန်အတွက် မဖြစ်မနေ မှတ်ပုံတင်ရတဲ့စနစ် ပြုလုပ်ထားပြီး ဒီလိုမှတ်ပုံတင်တဲ့အထဲကမှ လိုအပ်သလောက်ကိုသာ စိစစ်ခေါ်ယူခြင်းပြုလုပ်ပါတယ်။ တစ်နည်းအားဖြင့် De Jure or Combination ပုံစံလို့ သတ်မှတ်နိုင်ပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းမှာ စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးနေပြီး လာအိုနဲ့ အိန္ဒိယနိုင်ငံမှာတော့ ဆန္ဒပြုစနစ်ဖြစ်ပေမယ့် နိုင်ငံအတွက် လိုအပ်တဲ့အချိန်မှာ စစ်မှုထမ်းတွေ ဆင့်ခေါ်နိုင်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းထားရှိပါတယ်။ တရုတ်နိုင်ငံကတော့ အမေရိကန်နိုင်ငံလိုပဲ De Jure or Combination ပုံစံကို ကျင့်သုံးနေတယ်လို့ ဆိုနိုင်ပါတယ်။ အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ ရုရှားနိုင်ငံကတော့ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီး လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက် ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း De Jure ပုံစံကို ကျင့်သုံးပါတယ်။ World Population Review Website မှာ ဖော်ပြထားချက်တွေအရ ကမ္ဘာပေါ်မှာ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားပြီး ပုံစံမျိုးစုံနဲ့ ကျင့်သုံးနေတဲ့ နိုင်ငံပေါင်း ၈၆ နိုင်ငံရှိတယ်လို့ ဆိုနိုင်ပါတယ်။

## ဆန္ဒအလျောက် စစ်မှုထမ်းဆောင်တဲ့စနစ်ကိုသာ ကျင့်သုံး

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရပြီးကတည်းက ဆန္ဒအလျောက်စစ်မှုထမ်းဆောင်တဲ့စနစ် (Voluntary Enlistment) ကိုသာ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုအချိန်ကြာလာတဲ့အခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ စစ်မှုထမ်းတွေရဲ့အလုပ်သာဖြစ်တယ်။ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးတွေ ဝင်လာတတ်ကြပြီး သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အများစုဟာလည်း လူမျိုးရေးကို အခြေခံပြီး အတင်းအဓမ္မ လူသစ်စုဆောင်းမှုတွေ ဆောင်ရွက်နေတာကို သတိပြုရမှာ ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံတော်ကာကွယ်ရေးဆိုတာ နိုင်ငံသားတစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းပြည်အတွက်လိုအပ်ရင် နိုင်ငံရဲ့တရားဝင်တပ်မတော်မှာ နိုင်ငံသားတိုင်း စစ်မှုထမ်းရမယ်ဆိုတဲ့မူကို ၁၉၄၇ ခုနှစ်ကတည်းက ထုတ်ဖော်ပြောဆိုထားတာကိုလည်း တွေ့ရပါတယ်။

**❝ မြန်မာနိုင်ငံမှာ အသက်အရွယ်အရ အကျုံးဝင်သူ စစ်မှုထမ်းဆောင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အားလုံးတစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ရမှာ မဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်အသက်အပိုင်းအခြားအတွင်းက စိစစ်ပြီး အင်အားအနည်းငယ်ကိုသာ ခေါ်ယူမှာဖြစ်တဲ့အတွက် လတ်တလောမှာ အမျိုးသားတွေကိုသာ ခေါ်ယူပြီး အမျိုးသမီးတွေကို ခေါ်ယူဦးမှာ မဟုတ်ဘူးလို့လည်း တာဝန်ရှိသူတွေ ပြောဆိုတာကို ကြားနေရပါတယ် ❞**

နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့အကြားမှာ တည်ရှိနေတဲ့ နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေး အသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်း သိသင့်၊ တတ်သင့်လှပါတယ်။

ဒါကြောင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသက်ဝင်လာခဲ့တာဟာ နိုင်ငံတော်လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမယ့် အထူးကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒီဥပဒေဟာ ယခုမှ ဖြစ်ပေါ်လာတာတော့မဟုတ်ဘဲ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလကတည်းက ပြဋ္ဌာန်းထားခဲ့တာဖြစ်ပြီး ယခုမှ စတင်အသက်ဝင်လာတာ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာလို့ နိုင်ငံသားအားလုံး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ့် ပုံစံမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသတ်နဲ့ တာဝန်ထမ်းဆောင်ရမယ့်ပုံစံ ဖြစ်ပါတယ်။ **မြန်မာနိုင်ငံမှာ အသက်အရွယ်အရ အကျုံးဝင်သူ စစ်မှုထမ်းဆောင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အားလုံးတစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ရမှာမဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်အသက်အပိုင်းအခြားအတွင်းက စိစစ်ပြီး အင်အားအနည်းငယ်ကိုသာ ခေါ်ယူမှာဖြစ်တဲ့အတွက် လတ်တလောမှာ အမျိုးသားတွေကိုသာ ခေါ်ယူပြီး အမျိုးသမီးတွေကို ခေါ်ယူဦးမှာမဟုတ်ဘူးလို့လည်း တာဝန်ရှိသူတွေ ပြောဆိုတာကို ကြားနေရပါတယ်။** ဒါ့အပြင် စစ်မှုထမ်းဆောင်ဖို့ ရွေးချယ်ခံရတဲ့သူတွေအားလုံး ယခုတပ်မတော်သားများနည်းတူ ရသင့်ရထိုက်တဲ့ ရိက္ခာ၊ လစာတွေ၊ ခံစားခွင့်တွေကိုလည်း ရရှိကြမှာဖြစ်ပါတယ်။

## အတင်းအဓမ္မ လူသစ်စုဆောင်း

မြန်မာနိုင်ငံအစိုးရအနေနဲ့ ယခုမှ ပြည်သူ့စစ်မှုထမ်းဥပဒေကိုအသက်ဝင်စေပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းများကို စိစစ်ရွေးချယ်ခေါ်ယူဖို့ ဆောင်ရွက်နေပေမယ့် မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ သောင်းကျန်းသူတွေကတော့ အတင်းအဓမ္မ လူသစ်စုဆောင်းမှုတွေကို လုပ်ဆောင်နေကြတာ လွတ်လပ်ရေးရပြီးကတည်းကလို့ပဲ ဆိုနိုင်ပါတယ်။ လတ်တလောကာလမှာ KIA သောင်းကျန်းသူအဖွဲ့က ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသက ပြည်သူတွေကို အပြစ်အမျိုးမျိုးရှာပြီး ပြစ်ဒဏ်အတွက် KIA အဖွဲ့ထဲ ဝင်ခိုင်းသလို ကျေးရွာအလိုက်၊ မိသားစုအလိုက်လည်း အဓမ္မလူသစ်စုဆောင်းနေပါတယ်။ MNDAA နဲ့ TNLA အဖွဲ့ကလည်း ထိုနည်းတူစွာဆောင်ရွက်ပြီး သူတို့အဖွဲ့ထဲ မဝင်လိုရင် အဆမတန် ဆက်ကြေးပေးဆောင်ရပါတယ်။ သိပ်မကြာသေးခင်ကပဲ စစ်ဘေးရှောင်တဲ့ကလေးနဲ့ သံဃာတွေပါမချန် သက်နှင်းချွတ်ပြီး အတင်းအဓမ္မ လူသစ်စုဆောင်းလို့ ပလောင်ဒေသက လူငယ်တွေထွက်ပြေးနေရပါတယ်။

ရခိုင်ပြည်နယ်က သောင်းကျန်းသူ AA အဖွဲ့ကလည်း ရွာတစ်ရွာကို ၁၀ ဦးနှုန်းနဲ့ အဓမ္မလူသစ်စုပါတယ်။ AA ထဲ မဝင်ရင် ရွာကနေမောင်းထုတ်ပါတယ်။ 'ဝ'အဖွဲ့၊ မိုင်းလားအဖွဲ့၊ ဝမ်ဟိုင်းအဖွဲ့၊ ယွက်စစ်အဖွဲ့၊ MNSP မွန်အဖွဲ့၊ KNU အဖွဲ့တွေလည်း ထိုနည်းတူစွာပဲ ဆောင်ရွက်ကြပါတယ်။ PDF အကြမ်းဖက်တွေကတော့ သူတို့ထဲမဝင်ရင် ဒလန်လို့ စွပ်စွဲပြီး သတ်ဖြတ်နေကြလို့ ပြည်သူအားလုံးက အော့နှလုံးနာနေကြရပါတယ်။ **အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံက လိုအပ်ချက်အရ ပြဋ္ဌာန်းထားတဲ့ဥပဒေကို အသက်သွင်းခဲ့တာကို ဆန့်ကျင်ဝေဖန်နေကြတဲ့နိုင်ငံတွေနဲ့ အဖွဲ့အစည်းတချို့ဟာ တရားမဝင် လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ အတင်းအဓမ္မလူသစ်စုဆောင်းမှုကို မသိချင်ယောင်ဆောင်ပြီး အစိုးရတစ်ရပ်ရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ကို ဝေဖန်ဆန့်ကျင်နေကြတာကိုလည်း အံ့အားသင့်ဖွယ် မြင်တွေ့ကြားသိနေရပါတယ်။**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်သိ နိုင်ငံ့သားကောင်းလူငယ်တွေ စစ်မှုထမ်းဆောင်ရာမှာလည်း လူတိုင်းတိုက်ခိုက်ရေးတပ်ရင်း/တပ်ဖွဲ့တွေကို သွားဖို့လိုအပ်တာမဟုတ်ဘဲ ကျွမ်းကျင်ရာပညာရပ်တွေအလိုက် တာဝန်ပေးအပ်မှာဖြစ်လို့ အခြားလက်ရုံးတပ်ဖွဲ့တွေကိုလည်း ရွေးချယ်နိုင်ပါသေးတယ်။ စစ်မှုထမ်းဆောင်ရမယ့် လူငယ်တွေဟာ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့တွေမှာ တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး အခြားပြည်သူတွေအနေနဲ့လည်း ပြည်သူ့စစ်မှုထမ်းစနစ်ကို လေ့လာခွင့်ရမှာဖြစ်တာကြောင့် အထူးသင့်လျော်တယ်လို့လည်း ယူဆမိပါတယ်။ နည်းဥပဒေတွေ အတည်တကျထွက်လာရင်တော့ ဒီအချက်တွေ ရှင်းရှင်းလင်းလင်းပါဝင်လာမှာပဲဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ သို့** ❂

# အားကစားနှင့်ကာယပညာဦးစီးဌာနမှဝန်ထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၂

အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အရာထမ်း/ အမှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။



## ရှင်းလင်းပြောကြား

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် ရည်ရွယ်ပြီး ယခုလို ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရသည့် အဓိကရည်ရွယ်ချက်အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံသားတိုင်း စစ်ပညာကို သင်ကြားပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်းများ၊ စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများတွင် ပါဝင်သည့် အချက်များဖြစ်သည့် စစ်မှုထမ်းရမည့် အသက်အရွယ်များ၊ စစ်မှုထမ်းခြင်းတာဝန်ထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းနိုင်သူများ၊ စစ်မှုထမ်းသူတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ဝန်ထမ်းများအားလုံး ထဲထဲဝင်ဝင် သိရှိနားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များ အောင်မြင်စွာဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဝန်ထမ်းများအနေဖြင့် မေးမြန်းလိုသည်များနှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြပေးရန်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နေထိုင်သည့် တိုက်ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေး ပုံမှန်ဆောင်ရွက်သွားရန်၊ သီးပင်စားပင်များ စိုက်ပျိုးသွားကြရန်၊ လုံခြုံရေးအထူးဂရုစိုက်ကြရန်နှင့် ဝန်ထမ်းအိမ်ရာများတွင် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား တည်းခိုနေထိုင်ခွင့်မပြုရန်၊ မိသားစုအခက်အခဲရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ ဧည့်စာရင်းတိုင်ကြားခြင်းနှင့် သတင်းပို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံပြီးမှ နေထိုင်သွားရန် မှာကြားခဲ့သည်။

သတင်းစဉ်



# မိုးနဲမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ အသိပညာပေးရှင်းလင်း

မိုးနဲ မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်မြေရပ်ကွက်ရှိ ဦးရွှေအောင်စေတီဘုရားဓမ္မာရုံနေရာ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့်အခွင့်အရေးများ၊ စစ်မှုထမ်းဆောင်ခြင်းကို ရှောင်လွှဲပါက ကျခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)

❂ စာမျက်နှာ ၁၁ မှ

ဒါကြောင့် ပြည်ဖျက်မီဒီညာတွေ၊ အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ လှုံ့ဆော်နေတဲ့ မဟုတ်မမှန်တဲ့သတင်းတွေကို နားမယောင်မိကြဖို့ လိုပါတယ်။ ဒီအဖွဲ့တွေဟာ ပြည်သူတွေ နိုင်ငံတော်ကာကွယ်ရေးပညာတွေ တတ်မြောက်ပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းဆောင်လာကြမှာကို အင်မတန်ကြောက်ရွံ့နေကြတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။

## ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမယ့် လူငယ်တွေဟာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြတဲ့ နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်း ကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ဖွဲလုံ့လရှိမှုနဲ့ ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာ ဧကန်မလွဲဖြစ်ပါတယ်။

ဒ့ါအပြင်စစ်မှုထမ်းခြင်းမှ ရရှိလာမယ့် အတွေ့အကြုံနဲ့ အသိပညာတွေကြောင့် အနာဂတ်လူငယ်တွေရဲ့ ဘဝရပ်တည်မှုကို များစွာ အထောက်အကူပေးနိုင်မှာဖြစ်လို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်မှာလည်း ရင်ဆိုင်ကြုံတွေ့လာရမယ့် စိန်ခေါ်မှုများစွာကို ဖြေရှင်းနိုင်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုတွေလည်း ရရှိစေမှာ ဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတဲ့တစ်ချက်က **ပြည်သူတွေအများစု သို့မဟုတ် ရပ်ရွာအလိုက် အချီးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုတွေ တည်ဆောက်နိုင်ပါတယ်။** ဒါကြောင့်လည်း နိုင်ငံတကာမှာ စစ်မှုမထမ်းမနေရစနစ်တွေကို အရပ်ဘက်နဲ့ စစ်ဘက်အကြားက လူမှုပေါင်းကူးတံတား (Civil–military Social Bridge) လို့လည်း တင်စားခေါ်ဝေါ်လေ့ ရှိကြပါတယ်။ **ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည် ပေါ်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအသိရှိတဲ့ နိုင်ငံသားများ ပိုမိုများပြားလာမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံနိုင်မှာပဲ ဖြစ်ပါတယ်။** ဒါကြောင့် မြန်မာနိုင်ငံပြိုကွဲဖို့ နည်းလမ်းပေါင်းစုံကထိုးနှက်နေတဲ့ နိုင်ငံတချို့အနေနဲ့ မြန်မာနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေကို ဝေဖန်ရေးလုပ်နေတာဟာ သူတို့ရဲ့စိတ်ရင်းအမှန်ကို လှစ်ပြနေတာနဲ့ တူနေပါတယ်။

အမှန်စင်စစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်း နိုင်ငံအများအပြားမှာ ကျင့်သုံးနေသလို ကမ္ဘာ့အင်အားကြီးနိုင်ငံများမှာလည်း နိုင်ငံ့ကာကွယ်ရေး စွမ်းပကားမြင့်မားစေရေး မဖြစ်မနေ ကျင့်သုံးလျက်ရှိပါတယ်။ သတ်မှတ်ကာလအတိုင်း စစ်မှုထမ်းဆောင်ပြီးပါက ကျား/မ မရွေး လူငယ်တွေအနေနဲ့ သင့်တင့်မျှတစွာ စဉ်းစားချင့်ချိန်နိုင်ခြင်း၊ စည်းကမ်းစနစ်တကျရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိလာခြင်း၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာပြီး တပ်မတော်အပေါ် နားလည်ယုံကြည်မှုတွေ ပိုမိုတိုးတက်လာစေမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင်တော့ ၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ အားပြိုင်မှုကြားမှာ မိမိတို့နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျကျတည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေတဲ့ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထုရဲ့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ရေရှည်မြော်တွေးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်သွင်းလိုက်ရခြင်းဖြစ်ပါတယ်။

**“၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ အားပြိုင်မှုကြားမှာ မိမိတို့နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျကျတည်ရှိမှုကြောင့် ကာကွယ်ရေး စွမ်းပကားမြင့်မားရန် လိုအပ်မှု၊ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထုရဲ့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ရေရှည်မြော်တွေးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်သွင်းလိုက်ရခြင်းဖြစ်”**

မြန်မာနိုင်ငံမှာ အသက်ဝင်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဟာ ကမ္ဘာ့နိုင်ငံတချို့ ကျင့်သုံးနေတဲ့ အမျိုးသား၊ အမျိုးသမီးအားလုံး ခြွင်းချက်မရှိ စစ်မှုထမ်းရမယ့် (Mandatory Conscription) မျိုးမဟုတ်သလို၊ အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ ပြုလုပ်နေသလို အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းမျိုးမဟုတ်ဘဲ မိမိနိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးအခြေအနေတွေပေါ်မှာသာ မူတည်ပြီး သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ တာဝန်ထမ်းဆောင်ရမယ့် De Jure or Combination ပုံစံမျိုး ပြည်သူ့စစ်မှုထမ်းဥပဒေဖြစ်တယ်ဆိုတဲ့အကြောင်း ပြည်သူအများ သိရှိနိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



## ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့ ငလျင်ဒဏ်သင့် နိုတိုကျွန်းဆွယ်ဒေသသို့ သွားရောက်

**တိုကျို မတ် ၂၂**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့သည် နှစ်သစ်ကူးနေ့တွင် အင်အားပြင်း ငလျင်ကြောင့် ထိခိုက်ခံစားရသည့် ဂျပန်ပင်လယ်ကမ်းရိုးတန်း အီရှီကာဝါစီရင်စုရှိ နိုတိုကျွန်းဆွယ်ဒေသသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် မတ် ၂၂ ရက်တွင် တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ ထွက်ခွာခဲ့ပြီး နိုတိုဆာတိုယာမလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရဟတ်ယာဉ်ဖြင့် ဝါဂျီမာမြို့သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ဧကရာဇ်မင်းမြတ် နန်းတက်ပြီးနောက် ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် သဘာဝဘေးဒဏ်ခံခဲ့ရသော ဒေသများသို့ သွားရောက်ကြည့်ရှုအားပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။

ဝါဂျီမာမြို့သည် ငလျင်ဒဏ်ခံစားရုံသာမက နောက်ဆက်တွဲ ကြီးမားသော မီးလောင်မှုကြောင့်လည်း ပျက်စီးခဲ့ရသည်။

ခရီးသွားများအတွက် အဓိကနေရာဖြစ်သည့် Asaichi Street ဟုခေါ်သော မြို့လယ်တွင် မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ၁၀၂ ဦး သေဆုံးခဲ့သည်။

ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် ငလျင်ဘေးမှ အသက်ရှင်ကျန်ရစ်သူများ ခိုလှုံနေထိုင်ကြသည့် အဆောက်အအုံသို့ သွားရောက်ကာ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းတို့ ဇနီးမောင်နှံသည် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရဲအရာရှိများနှင့် ရပ်ရွာမီးသတ်သမားများနှင့် တွေ့ဆုံကာ ၎င်းတို့၏ ကြိုးစားအားထုတ်မှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ဒေသခံပြည်သူများသည် ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့ကို လက်ဝှေ့ယမ်းကာ ကြိုဆိုကြကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ရွေးကောက်ပွဲတွင် မိမိအနိုင်ရရှိခဲ့ခြင်းသည် နိုင်ငံ၏ အနာဂတ်ကာလ အောင်မြင်မှုများအတွက် နိဒါန်းဟု ရုရှားသမ္မတ ပူတင်ပြောကြား

**မော်စကို မတ် ၂၂**

ရုရှားနိုင်ငံသမ္မတရွေးကောက်ပွဲတွင် မိမိအနိုင်ရရှိခဲ့ခြင်းသည် ရုရှား၏ အနာဂတ်ကာလအောင်မြင်မှုများဆိုင်ရာ နိဒါန်းဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။



၎င်း၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း ထောက်ခံအားပေးခဲ့သည့် ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိကြောင်း ပူတင်က ကရင်မလင်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံ၏ နယ်စပ်ဒေသများ လုံခြုံရေးသည် ပထမဦးစားပေးအရေးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သမ္မတပူတင်၏ ပထမဆုံး ပြည်ပခရီးစဉ်သည် ကမ္ဘာ့အရှေ့ပိုင်းဒေသ နိုင်ငံများသို့သာ ဖြစ်မည်ဟု မိမိမျှော်လင့်ကြောင်း ရုရှားကွန်မြူနစ်ပါတီခေါင်းဆောင် Gennady Zyuganov က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

## ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးကို ထောက်ခံရန် အီးယူခေါင်းဆောင်များအား ကုလသမဂ္ဂအကြီးအကဲ တောင်းဆို

**ကုလသမဂ္ဂ မတ် ၂၂**

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဖော်ဆောင်ပေးရန် ဥရောပသမဂ္ဂခေါင်းဆောင်များအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ အကြီးအကဲသည် မတ် ၂၁ ရက်က ဘယ်လ်ဂျီယံနိုင်ငံ၌ ကျင်းပသည့် ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေး၏ ပထမနေ့တွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂခေါင်းဆောင်များသည် ဂါဇာကမ်းမြောင်ဒေသ အခြေအနေနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးရန် နှစ်ရက်ကြာ အစည်းအဝေး ကျင်းပခဲ့ခြင်းဖြစ်သည်။

ဂူတာရက်စ်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဟားမတ်စ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည့်အပြင် ဂါဇာတွင် အရပ်သားများ သေဆုံးဒဏ်ရာရမှုများကို မြင်တွေ့နေရသည့် အချက်ကိုလည်း ရှုတ်ချကြောင်းနှင့် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် ဂါဇာတောင်ပိုင်းရှိ ရာဖာဒေသတွင် မြေပြင်ထိုးစစ်မဆင်နွှဲရန် အစ္စရေးအား တောင်းဆိုရန်ရှိ၊ မရှိနှင့် လူသားချင်းစာနာထောက်ထားမှုများ ဆောင်ရွက်ရန် နှစ်ဖက်အဖွဲ့အစည်းအား တောင်းဆိုခြင်းရှိမရှိတို့ကိုဆွေးနွေးရန် မျှော်လင့်ရကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အလင်းသစ်**

## အမေရိကန်ပြည်ထောင်စုရှိ ခွဲစိတ်ဆရာဝန်များက ဝက်၏ ကျောက်ကပ်ကို ကျောက်ကပ်လူနာတစ်ဦးထံသို့ အောင်မြင်စွာ အစားထိုးလဲလှယ် ကုသ

**ဝါရှင်တန် မတ် ၂၂**



အမေရိကန် ပြည်ထောင်စုရှိ ခွဲစိတ်ဆရာဝန်များက ၎င်းတို့သည် မျိုးဗီဇပြုပြင်ထားသော ဝက်၏ ကျောက်ကပ်ကို ကျောက်ကပ်လူနာ တစ်ဦးသို့ အောင်မြင်စွာ အစားထိုးလဲလှယ်ကုသနိုင်ခဲ့ကာ ၎င်းဝက်၏ ကျောက်ကပ်ကို လက်ခံရရှိသူသည် ကျန်းမာရေး ပြန်လည်ကောင်းလာကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မက်ဆာချူးဆက် အထွေထွေရောဂါကုဆေးရုံမှ ခွဲစိတ်ပညာရှင်အဖွဲ့က ကမ္ဘာပေါ်တွင် ပထမဆုံး အောင်မြင်သော ဝက်ကျောက်ကပ် အစားထိုးကုသမှုကို သက်ရှိလူနာတစ်ဦး၌ အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ခွဲစိတ်ဆရာဝန်များသည် မတ် ၁၆ ရက်တွင် ကျောက်ကပ်ရောဂါရှိသော အသက် ၆၂ နှစ်အရွယ် အမျိုးသား တစ်ဦးအား ဝက်ကျောက်ကပ်ကို အစားထိုး၍ ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သည်။

ခွဲစိတ်ခန်းတွင်းရှိ ဆေးပညာရှင်များသည် ယင်းလူနာအစားထိုးလဲလှယ်ထားသော ကျောက်ကပ် စတင်အလုပ်လုပ်ဆောင်သည်ကို မြင်တွေ့ပြီးနောက် လက်ခုပ်သံများဖြင့် ဂုဏ်ပြုခဲ့ကြသည်။

ယခုကုသမှုသည် လူသားများအတွက် ကိုယ်တွင်းအင်္ဂါများကို အစားထိုးကုသရေး ကြိုးပမ်းမှုတွင် အဓိကမှတ်တိုင်တစ်ခုဖြစ်ကြောင်း ယင်းဆေးပညာရှင်အဖွဲ့က ပြောကြားသည်။

မျိုးဗီဇပြုပြင်ထားသော ဝက်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို လူသားများထံသို့ အစားထိုးရန်အတွက် နည်းလမ်းများ ဖော်ထုတ်ရေး အမေရိကန်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်တွင် အခြားကုသမှုနည်းလမ်းများဖြင့် ကုသမရနိုင်သည့် လူနာတစ်ဦးအား မျိုးဗီဇပြုပြင်ထားသော ဝက်နှလုံးကို အစားထိုးလဲလှယ် ကုသမှုခံယူစေခဲ့ရာတွင် ကုသမှုခံယူပြီးနောက် နှစ်လအကြာတွင် ယင်းလူနာ သေဆုံးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

## ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ အင်တာနက် အသုံးပြုသူ ၁ ဒသမ ၀၉ ဘီလီယံကျော်ရှိ

**ပေကျင်း မတ် ၂၂**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စာရင်းများအရ တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူ ၁ ဒသမ ၀၉ ဘီလီယံကျော်ရှိကြောင်း တရုတ်နိုင်ငံ အင်တာနက်ကွန်ရက် သတင်းအချက်အလက်စင်တာ(CNNIC)၏ အစီရင်ခံစာအရ သိရသည်။

မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ အင်တာနက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာအရ အဆိုပါအရေအတွက်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ၂၄ ဒသမ ၈ သန်းအထိ တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးလာ

ခန့်မှန်းခြေအားဖြင့် တရုတ်နိုင်ငံသား ၇၇ ဒသမ ၅ ရာခိုင်နှုန်းသည် အင်တာနက်အသုံးပြုသူများဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း အဆိုပါ အစီရင်ခံစာက ဆိုသည်။

အွန်လိုင်းမှ ကားခေါ်ခြင်း ဝန်ဆောင်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများတွင် အင်တာနက်အသုံးပြုသူ ၉၀ ဒသမ ၅၇ သန်းနှင့် ၅၁ ဒသမ ၃၉ သန်း သို့မဟုတ် ၂၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၁၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာလအထိ ခရီးသွားလာမှုများအတွက် အွန်လိုင်းဘွတ်ကင်လုပ်သူ နိုင်ငံသား ၅၀၉ သန်းကျော်ရှိခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ၈၆ ဒသမ ၂၉ သန်းအထိ မြင့်တက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၂၀ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာအရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## တွံတေးမြို့နယ်၌ မြေအဘွား နှစ်ဦးသာရှိသည့်အနက် မြေဖြစ်သူစစ်မှုထမ်းရန် သိရှိရသဖြင့် အဘွားဖြစ်သူ နှလုံးရပ်သေဆုံးကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် မြေအဘွားနှစ်ဦးသာ ရှိသည့်အနက် မြေဖြစ်သူသည် စစ်မှုထမ်းဆောင်ရမည်ဟု သိရသည့်အတွက် အဘွားဖြစ်သူမှာ မတ် ၁၅ ရက်တွင် နှလုံးရပ် သေဆုံးသွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ တွံတေးမြို့နယ်စီမံအုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများ ထင်ယောင်ထင်မှား မဖြစ်စေရန်နှင့် သိရှိနားလည်စေရန် အသိပညာပေး ဟောပြောခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးဟောပြောဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင်လည်း အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်ကြောင်း ပါဝင်ခြင်းတို့ကြောင့် လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေထားသည့် လက်ပံကုန်းကျေးရွာမှ မြေအဘွား နှစ်ဦးသာရှိသည့်အနက် မြေဖြစ်သူ စစ်မှုထမ်းဆောင်ခိုင်းကြောင်း ရေးသားထားသည်မှာ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘွားဖြစ်သူမှာ အသက် ၈၀ ကျော်အရွယ်ဖြစ်ပြီး မြေအဘွားနှစ်ဦးတည်း မဟုတ်ဘဲ ၎င်း၏ သားသုံးယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် နေထိုင်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းအမှားများ၊ ကောလာဟလသတင်းများကို သတိပြုဆင်ခြင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် မိမိတို့သိရှိလိုသော သတင်းအချက်အလက်များကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

သထုံ မတ် ၂၂

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမတွင် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၃ ဦးတို့အား ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည် အမျိုးမျိုးပြုလုပ်နည်းတို့ကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသူများကို သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကျေးလက်ကုန်ထုတ်မြေသားလမ်း ဖွင့်လှစ်

ထန်းတပင် မတ် ၂၂

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုန်ထုတ်မြေသားလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကြို့ပင်ဝိုင်းကျေးရွာတွင် ကျင်းပသည်။

ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကျေးရွာကုန်ထုတ်မြေသားလမ်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအေးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃)ဦးခင်ဆွေနှင့်ညွန့်ပေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဖိုးကျော်တို့ကကုန်ထုတ်မြေသားလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကုန်ထုတ်မြေသားလမ်းသစ်အား တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါကုန်ထုတ်မြေသားလမ်းသည် အရှည် (၁/၄)မိုင်၊ အကျယ် ၁၈ ပေ၊ ဒုနှစ်ပေရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရန်ကုန်တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၅၆၃ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၃-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ ပုဂံနှင့်ယှဉ်းထည်
- ၀၉:၃၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၃၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အခ၀်နားဆုံးသစ်ပင်' (အပိုင်း-၃)
- ၁၃:၂၀ MRTV National News
- ၁၄:၁၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင်(ဆေးရောင်စုံရုပ်ရှင်) 'စောင်နီလေးတစ်ထည်' (ပထမပိုင်း)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'မွန်မြတ်တဲ့စိတ်'
- ၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၀၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၇:၂၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၇:၃၅ ဒါနွေဆန်းစ တပေါင်းလ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရပ်ပြဇာတ်) 'တစ်လိပ်နှစ်လိပ် တစ်ပတ်နှစ်ပတ်'
- ၂၁:၄၀ ဟိုးတုန်းက…ကကြဆက်ဇာတ်လမ်းများ 'ဗိုဗိယိုဒသ'

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:09 Weekly Review
- 07:26 Tour around Kyaukse
- 07:42 Myanmar Designer Studio: Tatee
- 08:01 News
- 08:27 Danu Food: Pounded Crab Apple Salad
- 08:33 Topical Science Topic: Beauty of Marine Life
- 08:56 World Meteorological Day
- 09:01 Quiz Time (Ep-61)
- 10:01 News
- 10:26 Children's Delight
- 10:44 Robe Business in Ta Ma Ta Kaw

### MRTV NRC

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** မာရ်ငါးပါးဘုရားဖူးကြမယ်
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** ဝက်နံ့ရိုးချဉ်စပ်ဟင်းရည်
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၁)
- **ဝကေကရင် (၁၆:၀၀ မှ ၁၇:၀၀)** ရာဇဝင်ထဲကရွာလေးတစ်ရွာ
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** အသီကျခြင်းအတွက်ကျန်းမာစေသောနည်းလမ်းများ
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ဖားစည်မြေမှရိုးရာအလှ (အပိုင်း-၂)
- **ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)** အံ့ဖွယ်သစ္စာရှင်အောက်ချင်းမောင်နံ
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ထောပတ်သီးကြက်ဥလိပ်နှင့်ထောပတ်သီးကြက်ဥပေါင်း
- **မွန် (၂၁:၀၀ မှ ၂၃:၀၀)** အရပ်ရှစ်မျက်နှာဦးချသူများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သိလျက်နဲ့ထိပ်ချွန်မှု'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၂၄)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားမို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်မို့
- ၀၆:၅၀ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Arthur Christmas (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm



မတ် ၁၉ ရက်က ရှမ်းပြည်နယ် ကျောက်တစ်လုံးကြီးမြို့နေ ပအိုဝ်းအမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ခမ်းထီအား မဟာမင်္ဂလမ္မဓော်တိကဓော်ဓဇ္ဇဖြင့်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်း ဦးဆောင်သောအဖွဲ့က သွားရောက်ချီးမြှင့်ပေးအပ်စဉ်။ ကိုငွေး



မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၈) နှစ်မြောက်နှစ်ပတ်လည်နေ့

8th Anniversary of Mekong-Lancang Cooperation

(၂၀၂၄ ခုနှစ် ၊ မတ်လ ၂၃ ရက်)

23rd March 2024

Mekong-Lancang Cooperation National Coordination Unit (Myanmar)
Ministry of Foreign Affairs

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဖွင့်လှစ်သင်ကြားသည့် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဖွင့်လှစ်သင်ကြားသည့် ပထမအကြိမ် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး ရပ်ကွက် မြယမုံကမ်းသာယာ အိမ်ရာအတွင်းရှိ မေဃဝတီမွှာရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အထွေထွေ အတွင်းရေးမှူး ဦးခင်ဝေ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဗဟိုအမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းအထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (သဃ်န်းကျွန်းခရိုင်) ယာယီဥက္ကဋ္ဌ ဦးကျော်စည်သူနှင့် အလုပ်အမှုဆောင်များ၊ ဗိုလ်တထောင်ခရိုင်ဥက္ကဋ္ဌ ဦးသန့်ဇင်လှိုင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူများ၏ မိဘများနှင့် သင်တန်းသား သင်တန်းသူ ၁၁၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ သင်တန်းသား သင်တန်းသူများအား အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာအုပ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသားမိဘများကိုယ်စား ဦးသန့်ဇင်လှိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်း



## မြဝတီခရိုင်နှင့်ကော့ကရိတ်ခရိုင်အတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သူများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း

မြဝတီ မတ် ၂၂

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ပြည်သူများနှင့် ကော့ကရိတ်ခရိုင် နဘူးကျေးရွာအတွင်းရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မြဝတီမြို့ အမှတ် (၂) ရပ်ကွက် တေဇစက္ကိကမ္မဋ္ဌာန်းရိပ်သာ၌ ကျင်းပသည်။

ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံအဖွဲ့ဝင် (၂) ဦးစိန်သောင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်တို့က မြဝတီနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များ ပေးအပ်လှူဒါန်းသည့် မြဝတီခရိုင်အတွင်း ယာယီပြောင်းရွှေ့ပြည်သူ ၅၀၀ တို့အတွက် ငွေကျပ် ၂၂၂၁၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီအစရှိသော အခြေခံစားသောက်ကုန်ပစ္စည်း ခုနစ်မျိုးနှင့် ကော့ကရိတ်ခရိုင် နဘူးကျေးရွာ ယာယီပြောင်းရွှေ့ပြည်သူ ၅၀၀ တို့အတွက် ငွေကျပ် ၂၆၉၆၀၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်ပစ္စည်းခုနစ်မျိုးတို့ကို လက်ခံရယူခဲ့ပြီး ရပ်ကွက်/ကျေးရွာ တာဝန်ခံများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

## နတ်တလင်းမြို့၌ ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များ ဖြန့်ဝေ

နတ်တလင်း မတ် ၂၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်သူနှင့် ဝန်ထမ်းများက "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ပန်းခင်းစီမံချက်လက်ကမ်းစာစောင်များကို မတ် ၁၉ ရက် နံနက်ပိုင်းက ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ပန်းခင်းစီမံချက်ဆောင်ရွက်မည့် လုပ်ငန်း(၄)ရပ်၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ငါးဦးကော်မတီဖွဲ့စည်းထားမှုများ၊ အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားရာတွင် လိုအပ်သောအထောက်အထားများ၊ အိမ်ထောင်စုလူဦးရေစာရင်းအတွက် လိုက်နာရမည့်အချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းပုံစံများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များ၊ နည်းဥပဒေများကို ဖော်ပြထားရှိပြီး လက်ကမ်းစာစောင် ၂၀၀ ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)





## မိတ္ထီလာ၌ အသက် ၅၀ နှင့်အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံ

မိတ္ထီလာ မတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသက် ၅၀ နှင့် အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့မရပ်ကွက် သာသနာ့ဗိမာန်ခန်းမ၌ မြို့နယ်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ ဆောင်ရွက်ပေးခဲ့သည်။

### ထိုးနှံပေး

မိတ္ထီလာမြို့ပေါ် ရပ်ကွက်များဖြစ်သည့် အရှေ့ပြင်ဈေး၊ သီရိမင်္ဂလာ၊ မြို့မ၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ အောင်ဇေယျာ၊ နန်းတော်ကုန်း၊ အောင်ဆန်း၊ ပေါက်ချောင်း၊ ပြည်သာယာ(မ)၊ ပြည်သာယာ(တ)၊ ဝန်ဇင်းစသည်ရပ်ကွက်များမှ အသက် ၅၀ နှင့်အထက် နာတာရှည်ရောဂါခံစားနေရသူပြည်သူ ၂၁၀ အား မြို့နယ်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ပူးပေါင်းထိုးနှံပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ကြပ်ကြီး ဇော်လွင်မိုးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် အသိပညာပေးဆော်ဩခြင်းနှင့် လေပြင်းဘေးန္တရာယ်ဆော်ဩခြင်း အသိပညာပေးဆောင်ရွက်ခြင်းကို မတ် ၂၁ ရက်က အနောက်ရပ်တောင်ပိုင်းရပ်ကွက်နှင့် အနောက်ရပ်မြောက်ပိုင်းရပ်ကွက်တို့၌ ကွင်းဆင်းဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၌ MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအောဂျင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပဲခူး မတ် ၂၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအောဂျင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းခဲ့ကာ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအောဂျင်စီ အဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs ဖွံ့ဖြိုးတိုးတက်ရေးအောဂျင်စီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် MSMEs လုပ်ငန်းရှင်များ အသင်းဝင်ကတ်ရရှိရေး၊ ချေးငွေထုတ်ချေးပေးထားမှု၊ FDA ထောက်ခံချက်ရရှိရေးနှင့် MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် သီးခြားလိုအပ်ချက်များကို အကြံပြုရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရေကြည်မြို့နယ်အတွင်းရှိ ချင်းကုန်း–ချောင်းဖျား–ငပိဆိပ်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ရေကြည် မတ် ၂၂

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အောင်ကမ္ဘာကုမ္ပဏီက တင်ဒါအောင်မြင် ဆောင်ရွက်သည့် ချင်းကုန်း–ချောင်းဖျား–ငပိဆိပ်လမ်း လမ်းအရှည် သုညမိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ရန်ပုံငွေကျပ် ၂၁၂ ဒသမ ၂၂၀ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေးတို့က တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းခင်းပေးခြင်းဖြင့် ကျေးရွာပေါင်း ၃၈ ရွာ၊ အိမ်ခြေ ၁၈၆၃ အိမ်၊ လူဦးရေ ၇၀၁၄ ဦးတို့အား သွားလာရေး အဆင်ပြေချောမွေ့စေပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်ရေးအတွက် များစွာ အကျိုးရှိလာပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ ပန်းခင်း(၃)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ပန်းတနော် မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ပန်းခင်း(၃) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတနော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆင်လမ်းကြီးကျေးရွာအုပ်စုတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသည့် စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦးကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာမြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အင်းစိန်ဂျီတီအိုင်၌ EV နည်းပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ



နေပြည်တော် မတ် ၂၂

EV ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့် နည်းပညာပြန့်ပွားရေး ဟောပြောပွဲကို မတ် ၂၀ ရက် နံနက်ပိုင်း၌ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ EV ဆိုင်ရာ ပြင်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက ဟောပြောပို့ချကြရာ ကျောင်းသား ကျောင်းသူများ အပါအဝင် တက်ရောက်လာသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟောပြောပို့ချကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး EV အလုပ်ရုံတွင် EV ဆိုင်ရာ သင်ထောက်ကူ စက်ပစ္စည်းများနှင့် ဆိုလာကားပါကင်ရှိ EV အားသွင်းစနစ်ကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာလေ့လာနေမှုများကို ကြည့်ရှုအားပေးကာ နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော EV အားသွင်းစနစ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ အဖွဲ့လိုက် အပြန်အလှန် ဆွေးနွေးဖလှယ်ကြသည်များကို ကြည့်ရှုအားပေးပြီး ယနေ့သိရှိသမျှကို အခြေခံကာ လေ့လာမှုများကို ဆက်လက်ဆောင်ရွက်ရန်၊ အခြားသူများ အသိပညာတိုးပွားစေရေး ဆင့်ပွားမျှဝေပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောင်းဝင်း အတွင်းရှိ အဆောင်များတွင် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အနာဂတ်၌ နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ရမည့် လူငယ်များဖြစ်၍ ကျောင်းသား ဘဝ တန်ဖိုးရှိသောအချိန်များကို အကျိုးရှိစွာ အသုံးချကြရန်၊ ပြည်သူများက အမှန်တကယ် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ် နည်းပညာရှင်များ၊ နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းဘောလုံးကွင်း ဥပမိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်

**ချောင်းဆုံ မတ် ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာရှိ ကျောင်းသား ကျောင်းသူများ လွယ်ကူချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းအဆင့် တိုးမြှင့်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကွမ်လှာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နဝရတ်ခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မြဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ အဂ္ဂမဟာပဏ္ဍိတပါဠိပါရဂူ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ကျောင်းအဆင့်တိုးမြှင့်ပွဲဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေခွင့်ရပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းမှ အဆင့်မြင့်ပညာရပ်များ သင်ယူခွင့်ရရှိအောင် မိဘ၊ ကျောင်းကော်မတီနှင့် ရွာသူရွာသားများက ဝိုင်းဝန်းကူညီပေးရန် ပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**အဆင့်တိုးမြှင့်နိုင်ခဲ့**

အဆိုပါ ကွမ်လှာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပေ ၁၃၀ x ပေ ၃၀ နှစ်ထပ်ဆောင် တစ်လုံးနှင့် ဒေသခံများ စုပေါင်းလှူဒါန်းငွေဖြင့် ခန်းမဆောင်တစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်ကုန်းမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း မတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို မတ် ၂၀ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

**ရှင်းလင်းဟောပြော**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာထွေးကိုကိုက ကျွဲ၊ နွားကောင်ရေ စာရင်းတိကျမှန်ကန်မှုရှိစေရန် ၊ ကျွဲ၊ နွားများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ကျွဲ၊ နွားပိုင်ဆိုင်မှု ခိုင်မာစေရန်ရှင်းလင်းပြောကြားပြီး ဥတ္တရခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဝင်းထွန်းက ဘဲမွေးမြူမှုဖွံ့ဖြိုး တိုးတက်ရေး၊ မွေးမြူရေးဒီပလိုမာနှင့် စိုက်ပျိုး၊ မွေးမြူးရေးကျောင်းအကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဌာနခွဲ(ရုံးချုပ်)ဒေါက်တာလှိုင်ဝင်း၊ ဒေါက်တာသန့်ဇော်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာကောင်းစိုးစံတို့က ရှင်းလင်းဟောပြောခဲ့ကြသည်။ ထို့နောက်တက်ရောက်လာသည့်ဒေသခံများ သိသင့်သိထိုက်သော မွေးမြူရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ကျေးရွာအတွင်းမှ နွားပိုင်ရှင် ၁၁ ဦး၊ နွားအကောင်ရေ ၂၃ ကောင်အား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရန်ကုန်တိုင်းဒေသကြီး၌ ပုဂ္ဂလိကဆေးရုံများကို ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ပုဂ္ဂလိကဆေးရုံများအား ကျန်းမာရေးလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဆောင်ရွက်ခဲ့သည်။

**ကွင်းဆင်းစစ်ဆေး**

ထို့သို့ စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် (၄/တောင်)ရပ်ကွက် မြင်တော်သာလမ်း အမှတ်(၅၂၄)တွင် "လင်း"အထူးကုဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံ ဆောက်လုပ်ခွင့်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိနှင့် လုပ်ငန်းလိုင်စင်များကို ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာ ဆောင်ရွက်သွားရန် ကွင်းဆင်းစစ်ဆေး ပြောကြားခဲ့သည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဖွဲ့သည် "လင်း" အထူးကုဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**၁၆ ခုတင်ဆံ့**

အဆိုပါ "လင်း"အထူးကုဆေးရုံ အဆောက်အအုံသည် ၁၆ ခုတင်ဆံ့ ဆေးရုံသစ်ဖြစ်ပြီး ခြောက်ထပ်အဆောက်အအုံသစ် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ အခြေခံပန်းချီနှင့် အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်



**ရေတာရှည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးက အမှာစကားပြောကြားသည်။

ရေတာရှည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းကို မတ် ၂၁ ရက်မှ ၂၈ ရက်အထိ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး နံနက်ပိုင်းတွင် ပန်းချီသင်တန်း တက်ရောက် သူ ၄၅ ဦး၊ မွန်းလွဲပိုင်းတွင် အင်္ဂလိပ်စာသင်တန်း တက်ရောက်သူ ၃၅ ဦး စုစုပေါင်း ၈၀ ရှိပြီး ပန်းချီပညာရှင်နည်းပြ တစ်ဦး၊ အင်္ဂလိပ်စာ ဘာသာရပ်နည်းပြ သုံးဦး၊ ကြီးကြပ်ဆရာမ နှစ်ဦးတို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရေတာရှည် (ပြန်/ဆက်)**



# တံတားဦးမြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲ ကျင်းပ

**တံတားဦး မတ် ၂၂**

တံတားဦးခရိုင် တံတားဦးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တံတားဦးခရိုင် ပညာရေးမှူး ဒေါ်သန်းသန်းဦးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တံတားဦးခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးလှချစ်က သင်တန်းတွင် သင်တန်းသား ဆရာ ဆရာမများအတွက် သင်တန်းစည်းကမ်းများကို ပြောကြားပြီး တံတားဦးခရိုင် ကိုယ်စားပြု ဗဟိုအဆင့်တွင် တက်ရောက်ခဲ့သော ဆရာကြီးတစ်ဦးက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းရေးရာကိစ္စများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ တံတားဦးမြို့နယ်မှ နည်းပြ ၁၈ ဦး၊ သင်တန်းသား ဆရာ ဆရာမ ၁၃၈ ဦး၊ ငါန်းဇွန်မြို့နယ်မှ နည်းပြ ၁၃ ဦး၊ သင်တန်းသား ဆရာ ဆရာမ ၈၂ ဦး သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၂၃၀ တို့အား နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်း(၁)ရပ်ကွက်၊ ရန်ကင်းလမ်းပေါ်တွင် ဆောက်လုပ်ထားသည့် Golden City Condo၊ ဘလောက်အမှတ်(B1)၊ Level-6၊ ယူနစ်အမှတ်(06-01)၊ အကျယ်အဝန်း(၁၂၃၈.၁၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို GOLDEN LAND REALESTATE DEVELOPMENT Co.,Ltdထံမှ တိုက်ရိုက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်တင်တင်လှ [၆/မအရ(နိုင်)၀၀၅၅၉၁]** မှ ၎င်းသာလျှင်တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးအောင်မြတ်လွင် [၁၂/ကတတ(ဧည့်)၀၀၀၉၂၈]**က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မင်းသူ့နှိုးဖြိုး(စဥ်–၁၂၈၄၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.I.P.L,DL–101WIPO (Switzerland)]**

**ဒေါ်စုစုမွန်(စဥ်–၁၃၄၉၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L, D.I.P.L, DL–101 WIPO (Switzerland)]**

**ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်–၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သီဟသူ၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀.၁၀၅)ဧကရှိ ဦးမောင်မောင်တာ(ဘ) ဦးသိုက်ထွန်း နိုင်ငံသားစိစစ်ရေးအမှတ်[၁၃/မယတ(နိုင်)၀၀၀၅၈၉]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်လှလှဌေး(ဘ)ဦးသန်းလင်း နိုင်ငံသားစိစစ်ရေးအမှတ်[၅/မရန(နိုင်)၀၂၅၈၇၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၅၉၊ ၁၆၀၊ ၁၉၁)၊ ဧရိယာ(၀.၂၂၀)ဧကရှိ ဦးမောင်မောင်တာ(ဘ)ဦးသိုက်ထွန်း နိုင်ငံသားစိစစ်ရေးအမှတ်[၁၃/မယတ(နိုင်)၀၀၀၅၈၉]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်လှလှဌေး(ဘ) ဦးသန်းလင်း နိုင်ငံသားစိစစ်ရေးအမှတ်[၅/မရန(နိုင်)၀၂၅၈၇၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ် ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိ ပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၃၈က)၊ ဧရိယာ(၀.၁၀၆)ဧကရှိဦးမောင်မောင်တာ(ဘ)ဦးသိုက်ထွန်း[၁၃/မယတ(နိုင်)၀၀၀၅၈၉]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်လှလှဌေး(ဘ)ဦးသန်းလင်း[၅/မရန(နိုင်)၀၂၅၈၇၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်ဝင်းမာအေး[၁၂/သဃက(နိုင်)၀၁၃၇၅၉]၊ အဖအမည် ဦးအေးသိုက်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ–၂၂၆၀၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၂၄၉၂/၂၀၂၁(၂၉–၁၂–၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြထွေး [၁၂/အစန(နိုင်)၀၀၈၂၅၆]၊ အဖအမည် ဦးဖိုးဆိတ်မှ ဦးစိုးခိုင်(ဘ)ဦးဖိုးရှိန်[၉/ပသက(နိုင်)၀၇၅၆၇၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၄)လမ်း၊ အမှတ်(၅၅၅/ခ)၊ မြေအကျယ်ပေ(အလျား၂၀ပေxအနံ၆၀ပေ)(ဂရန်မူရင်း) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်နော်အသန်း(BQ–025062)အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ခိုင်ဇာဖြူ[၅/စကန(နိုင်)၁၅၄၆၀၆] မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဥ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းဝါ(LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## (၁၆–၃–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁–L ၃၇)၊ မြေကွက်အမှတ်(၉၆၉) ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကြေညာထားခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမာလာမြင့်[၁၂/မရက(နိုင်)၀၇၇၃၄၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ပါမြေကွက်ကို ဒေါ်ဇင်မီမီကျော်ထံမှ (၂–၁–၂၀၂၄)နေ့ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ဒေါ်ဇင်မီမီကျော်သည် ဦးဂိုလမ်မန်ထံမှလည်းကောင်း၊ ဦးဂိုလမ်မန်သည် ဒေါ်ခင်ထွေးထံမှ လည်းကောင်း၊ ဒေါ်ခင်ထွေးသည် ပါမစ်အမည်ပေါက် ဦးသောင်းစိန်ထံမှ လည်းကောင်း၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အဆင့်ဆင့် ရောင်းချခဲ့သောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ပါမစ်မူရင်းကို ခိုးယူခြင်း၊ ခိုးရာပါပစ္စည်းလက်ခံခြင်းဖြင့် ရယူထားခြင်းမဟုတ်၍ ဦးသောင်းစိန်ထံ ပါမစ်မူရင်းအား ကျွန်ုပ်၏မိတ်ဆွေသည် ပေးအပ်နိုင်ခြင်းမရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ ဝယ်သူတစ်ဦးဖြစ်သူ ဦးဂိုလမ်မန်လက်ထက် ကပင် အထက်ပါမြေကွက်အပေါ် အခြားသူများအရောင်းအဝယ်မပြုလုပ်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်တိုင်ကြားခဲ့မှုကိုလည်း ရှင်းလင်းပြီးဖြစ်ပါသည်။

သို့ပါ၍ မြေကွက်အမည်ပေါက် ဦးသောင်းစိန်မှ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ပြန်လည်လျှောက်ထားခြင်းအား ကန့်ကွက်ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းတင့်[B.A(Law), LL.B]တရားလွှတ်တော်ရှေ့နေ(စဥ်–၂၀၂၀)**
**အမှတ်–၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၅၀၉၉၆၃၇**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရှန်ခမ်း [၁/မညန(နိုင်)၁၁၃၈၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ (၁)လမ်းနှင့် ရတနာမြိုင်လမ်းကြား၊ အမှတ်(၁၁၈)၊ Nwarat Condo၊ အခန်းအမှတ်(Mezznine–1)၊ ဧရိယာ(၁၃၀၂) စတုရန်းပေရှိ တိုက်ခန်းအား (၈–၃–၂၀၂၄)ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ပေးဝယ်ယူခဲ့ပြီး ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေနှင့် ရောင်းချသူတို့မှ (၂၀–၃–၂၀၂၄)ရက်စွဲပါ “နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ်စာချုပ် ဖျက်သိမ်းခြင်းကတိစာချုပ်”ဖြင့် အရောင်းအဝယ်မှာ ပျက်ပြယ်သွားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာစိုး**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၉၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ မြေကွက်အမှတ် (၁၉၁/ခ)၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၉၁/ခ)၊ သီရိပန်းခြံ(၂)လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်ကျော်ဇံ [၁၂/ဗဟန(နိုင်)၀၅၅၃၀၄] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးအောင်ကျော်ဇံ[၁၂/ဗဟန(နိုင်)၀၅၅၃၀၄]ဖခင်ဖြစ်သူသည် (၃၀–၇–၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အေးကြိုင် [၁၂/ဗဟန(နိုင်)၀၅၆၃၁၀]သည် (၁၈–၈–၂၀၀၆)ရက်နေ့တွင် အသီးသီးကွယ်လွန်၍ သား/သမီးများဖြစ်ကြသော ဒေါ်နှင်းယုဝေ[၁၂/ဗဟန(နိုင်)၀၈၅၁၄၁]၊ ဦးရဲဝင့်နိုင်[၁၂/ဗဟန(နိုင်)၀၁၇၅၃၆]၊ ဦးမျိုးအောင်[၁၂/ဗဟန(နိုင်)၀၇၅၆၉၃]၊ ဦးဇော်ဇော်အောင်[၁၂/ဗဟန(နိုင်)၀၈၅၁၃၈]တို့ဖြစ်ပြီး ဒေါ်နှင်းယုဝေ၊ ဦးမျိုးအောင်၊ ဦးဇော်ဇော်အောင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၁၆၀၅(၂၇–၁၂–၂၀၂၁)ရရှိသူ ဒေါ်နန်းမြဦးဆာ[၁၃/တယန(နိုင်)၀၂၄၁၈၅]နှင့် ဦးရဲဝင့်နိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၁၆၀၄(၂၇–၁၂–၂၀၂၁)ရရှိသူ ဒေါ်ခင်စုနိုင် [၁၂/ဗဟန(နိုင်)၀၇၅၆၅၅]တို့မှ ဂရန်မူရင်း၊ ဖခင် ဦးအောင်ကျော်ဇံအမည်ပေါက်တည်ရှိသော မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အိမ်မြေဥပစာတို့ကို ၎င်းတို့မောင်နှမ(၄)ဦးသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ဗိုလ်တထောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–(၁၅၇၉/၂၂)(၂၈–၂–၂၀၂၂)၊ ပါဝါ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိပြီး ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ဗိုလ်တထောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–၈၈၀/၂၂၊ ၈၈၁/၂၂ (၁၆–၂–၂၀၂၂)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်/စွန့်လွှတ် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပဲခူးမြို့ ၊ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်



၁။ ပဲခူးမြို့၊ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား ၁၃၈၆–ခုနှစ် တန်ခူးလဆန်း(၁၀)ရက်နေ့ မှ တန်ခူး လပြည့်ကျော်(၄)ရက်၊ ၂၀၂၄–ခုနှစ် ဧပြီလ (၁၈)ရက်နေ့ မှ ဧပြီလ (၂၇) ရက်နေ့ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ဈေးရောင်းချလိုသူများ နှင့် ကလေးများကစားနည်းမျိုးစုံ ထည့်သွင်းလိုသူများ အနေဖြင့် ဂေါပကအဖွဲ့ ရုံးသို့ လာရောက်မေးမြန်းစုံစမ်း နိုင်ပါသည်။

(ရုံးအဖွဲ့မှူး–၀၉ ၂၅ ၄၃ ၂၇ ၀၇၄)

ရွှေမော်ဓောစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

**ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၁၃)တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ(၆)ထပ်တိုက်မှ တတိယထပ်၄လွှာ(B)၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၅ ½ ပေ x ၅၉ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ (၁)ဦးမင်းအောင်[၁၁/စတန(နိုင်)၀၀၅၁၇၄]၊ ဦးရဲမြင့်ထွန်း[၁၂/ဗတထ(နိုင်)၀၁၄၃၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ် စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန်းညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၅၂၂၇)**

**ဦးနိုင်ထွဋ်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၃၅၅၄၅)**

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉–၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

